# ‘သန့်ရှင်းသော ဝိညာဉ်တော်ဆိုသည်မှာ အဘယ်အရာ ဖြစ်သနည်း ’

ဂျက်ဖာဆွန်ဘေးလီး၊ အင်ဒီယားနား၊ အမေရိကန်။

၅၉ - ၁၂၁၆

1 ၁။ ဒီမနက်အစည်းအဝေးဟာဆိုရင်၊ ပုံမှန်ကျွန်တော်တို့ဒီမှာ ကျင်းပပြုလုပ်လေ့ရှိတဲ့ အစည်းအဝေးတွေနှင့်၊ အနည်း ငယ်ခြားနားမှုရှိတဲ့ အစည်းအဝေးတခုဖြစ်ပါသည်။များသောအားဖြင့်၊ ဒီနေရာကို ကျွန်တော်တို့ အတူတကွ ရောက်ရှိလာ တဲ့အခါတိုင်း၊ အနာရောဂါငြိမ်ခြင်းအတွက်နှင့်ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များအတွက်၊ စည်းဝေးကြခြင်း ဖြစ်ပါသည်။ ထိုသို့သော ကိစ္စများအပေါ်တွင်သာ၊ အလေးထားခြင်းကြခြင်း ဖြစ်ပါသည်။ ဒါပေမယ့်၊ ဒီနေ့ညမှာတော့ ဝိညာဉ်ကျန်းမာ စေဖို့ရာ၊ ဤနှိုးထခြင်းကို၊ကျွန်တော်တို့ ဒီနေ့ညမှာ၊ အစပြုကြမှာပဲ ဖြစ်ပါတယ်၊ လူတယောက်၏ ဝိညာဉ်အတွက်ဖြစ် ပါသည်။

သို့သော်ငြားလည်း၊ဘုရားသခင်၏ အလိုတော်အတိုင်း၊ တနင်္ဂနွေမနက်၊ ဥပုသ်စာသင်ကျောင်း၊ တနင်္ဂနွေနေ့မနက်မှာ၊ နာမကျန်းမှုအတွက်၊ ပုံမှန်အတိုင်း အနာရောဂါငြိမ်းခြင်း၊ လိုင်းကြောင်းမှာ၊ ကျွန်တော်တို့ဆုတောင်းပေးသွားဖို့ရာ ရှိပါသည်။ ဘုရားသခင်၏ အလိုတော်အတိုင်းပင် ဖြစ်ပါသည်။ ပြီးတော့ဤရက်သတ္တပတ်၏ ညများမှာတော့၊ ဝိညာဉ် အတွက် ထာဝရတည်သော အကြောင်းချဉ်းရာများအပေါ်မှာ၊ဟောပြောမှုပြုရန်၊ ကျွန်တော်တို့ ကြီးစွာသော နှိုးဆော်မှုကို ခံကြရပါသည်။

2 ၂။ ယခု၊ ကိုယ်ခန္ဓာ၏အနာရောဂါငြိမ်းခြင်းကို ခံရစဉ်ခါ၊ကျွန်တော်တို့သိရှိရတာက၊ ကျွန်တော်တို့အားလုံးကို ဝမ်း မြောက်ခြင်းကို ဆောင်ကျဉ်းပေးတယ်ဆိုတာပါပဲ။ဘာဖြစ်လို့လဲဆိုရင် ထိုသို့သော် အရာဟာဆိုရင်၊ ကျွန်ုပ်တို့၏ ဘုရားသခင်ဟာ နာမကျန်းမှုကို၊ ပျောက်ကင်းစေ၊ တယ်ဆိုတာကို အတိအကျ ပြသနေကြောင်းကို၊ ကျွန်တော်တို့ သိရသ လိုပဲ ဖြစ်ပါသည်။သို့သော် ထိုမကျန်းမာမှုသူဟာ၊ အချိန်ကာလကြာရှည်စွာ လုံလောက်စွာ အသက်ရှင်နိုင်မယ်ဆိုရင်နာမကျန်းမှုဟာလည်း တဖန် ပြန်လည်ခံစားရကောင်းခံစားရဖွယ်ရာ ရှိပါသည်။ တူညီသော ရောဂါဝေဒနာကို၊လူတို့ဟာ ပြန်လည်ကုသရကောင်း ကုသရပါသည်။ ထိုသို့ဖြစ်ခြင်းက အနာရောဂါငြိမ်းခြင်းကို၊ အဝေးသို့ယူဆောင်သွားလို့မရပါ။ ဆရာဝန်ဟာ အအေးမိအဖျားတက်ခြင်းအတွက် ဆေးပေးပါမည်။ ဆရာဝန်ဟာသူတို့ကို ထူးထူးခြားခြား ကောင်းမွန် စေပြီးနောက် နှစ်ရက်လောက်အကြာမှာတော့ သူတို့ဟာအအေးမိခြင်းဖြင့်၊ သူတို့ဟာ သေသွားကောင်းသေသွားနိုင်ပါ သည်။ အဲဒီလို ကိစ္စဟာ ပြန်လည်တွေ့ကြုံရမယ့်အရာပဲဖြစ်ပါတယ်။ ဒါပေမဲ့ ဝိညာဉ်ကျန်းမာခြင်းကို ရှိစေတဲ့အခါမှာတော့၊ အဲဒီနောက်မှာ သင်သည်၊ သင်အထဲက ထာဝရအသက်၌ ရှိနေမည်ဖြစ်ပါသည်။ ပြီးတော့ ကျွန်တော်ယုံကြည်သည်မှာ၊ ကျွန်တော်တို့ဟာယေရှုခရစ်တော်ဘုရား၏ ဒုတိယအကြိမ် ကြွလာတော်မူခြင်းနှင့်အလွန်နီးကပ်နေတယ် ဆိုတာပါပဲ၊ ထိုသို့သောအရာက ကျွန်ုပ်တို့ကို နိုင်ငံတော်သို့ ဝိညာဉ်တိုင်းလိုလိုကိုဝင်စားခြင်းရှိစေရန်အလို့ငှါ၊ တက်စွမ်းသမျှ ပြုဖို့ရာ၊ နိုင်ငံတော်သို့ လူတို့ကို ဆောင်ယူဖို့ရာ၊ တိုက်တွန်းသွေးဆောင်လျှက်ရှိပါသည်။ ထိုအရာက ကျွန်ုပ်တို့၏ဝိညာဉ်ကိ်ု အနာရောဂါငြိမ်စေခြင်းပင်ဖြစ်ပါသည်။ ကျွန်တော်သိသောယေရှု၏ကိုယ်ခန္ဓာသည် မကျန်းမာဆုံးကိုယ်ခန္ဓာဖြစ်မည်ဟု၊ ကျွန်တော်ယုံကြည်နေခြင်း ဖြစ်ပါသည်။အဒါက ကိုယ်ခန္ဓာမှာ၊ ကမ္ဘာပေါ်က ခရစ်တော်၏ဝိညာဉ်သည် အလွန်မကျန်း မာလျှက် ရှိပါသည်။

3 ၃။ ပြီးတော့ ယခု၊ ကျွန်တော်တို့ဟာ သင်တို့ကိုအလွန်ကြာရှည်စွာဖြင့် ညလုံးပေါက် ဆွဲထားဖို့၊ အစီအစဉ်မရှိပါဘူး၊ ဘာဖြစ်လို့လဲဆိုရင်၊ ပထမညက ကျွန်တော်တို့၏ ချစ်စွာသော မိတ်ဆွေ များထိုင်ဖို့၊ အခန်းမရှိလို့ပဲဖြစ်ပါတယ်။ကျွန်တော် တို့မှာ ဘုရားကျောင်း အသစ်တခု၏ အဆောက် အဦးစီမံကိန်းတော့ ရှိပါသည်၊ မြောက်များစွာသောဤမဲပြားများဖြင့် ဒီနေရာမှာ ကြီးမားတဲ့ ဗိမ္ဗာန်တော်တခုဟာ အမှန်တကယ် ရှိနေခြင်းဖြစ်ပါသည်။ဒါမှမဟုတ် ဘယ်နေရာမှာ မဆို ဘုရားသခင်က ဦးဆောင်မှုပြုပါလိမ့်မည်။ သို့သော်၊ တဆက်တည်းမှာကျွန်ုပ်တို့ သိရတာက ထွက်ခွာပေးဖို့ရာဖြစ်ပါ သည်။ ဗုဒ္ဓဟူးနေ့က နေတောက်လျှောက်၊ တနင်္ဂနွေနေ့အထိဖြစ်ပါသည်။ သို့သော် အဲဒီနောက် တနင်္ဂနွေနေ့မှာတော့၊ ခရစ်စမတ်အားလပ်ရက်များနှင့် နီးသွားမှာဖြစ်ပါသည်။ သို့သော် ဘယ်အချိန်မဆ်ို ဘုရားသခင်က၊ ကျွန်ုပ်တို့ကို ရပ်တန်ဖို့ ရာ မိန့်တော်မူပါလိမ့်မည်။အဲဒီလို အချိန်မျိုး ရှိလာပါမည်။ ဘယ်လိုရလဒ်ထွက်လာမလဲဆိုတာ၊ ကျွန်တော်တို့ မသိကြပါ။သို့သော် ယုံကြည်တာက ဒီနေရာက၊ တိုင်းရင်းသားမျိုးနွယ်စုများဟာ ဗိမ္ဗာန်တော်၌လည်းကောင်း၊ကျွန်ုပ်တို့ ညီအမများ အသင်းတော်၌လည်းကောင်း၊ ရှိတယ်ဆိုတာပါပဲ၊ အဲဒါဟာဆိုရင် သူတို့ထဲမှတယောက်ဟာဆိုရင်၊အသင်းတော်၌ လည်း ကောင်းရှိတယ်ဆိုတာပါပဲ၊ အဲဒါဟာဆိုရင်၊ သူတို့ထဲမှတယောက်ဟာဆိုရင်၊ ယူတီကာမှာရှိတဲ့၊သန့်ရှင်းသောဗိမ္ဗာန်တော် အသင်းတော်က ဖြစ်ပါသည်။ အဲဒီမှာ ဘရာသာ ဘရမ်ဟမ်စနဲ့လင်းက သင်းအုပ်ဆရာဖြစ်ပါသည်။နယူးအယ်ဘာနီက ဖြစ်ပါသည်။ အဲဒီမှာတော့ ဘရာသာ ‘ဂျွန်နီ ’ ဂျက်ဆင်က သင်းအုပ်ဖြစ်ပါသည်။အဲဒီလိုပဲ အပြင်ဘက်က အဝေးပြေး လမ်းမပေါ်မှာတော့ ဘရာသာဘရူဒယ်က သင်းအုပ်ဖြစ်ပါတယ်။ ကျွန်ုပ်တို့ဟာ(ဤဗိမ္ဗာန်တော်၏ ညီအကိုများအသင်း တော်၌) .... ကျွန်ုပ်တို့ဟာ ခရစ်တော်နှင့် ပိုမိုကောင်းမွန်သောမိတ်သဟာယဖွဲ့ခြင်းကို ၊ လူတို့၌ ရှိစေဖို့ရာ ကြိုးစားခေါ် ဆောင်သွားမှာ ဖြစ်ပါတယ်။ထိုအရာဟာဆိုရင်၊ ကျွန်ုပ်တို့၏ ရည်ရွယ်ချက် ဖြစ်ပါသည်။ ထို့ကြောင့် နောက်လာမည့် ညများအတွက်ဖက်ရှုဖို့နှင့် သင်ယူဖို့ရာ ကျွန်တော် ရွေးချယ်စရာအကြောင်း ရှိနေပါ၏။

4 ၄။ ဒီနေ့ည ခေါင်းစဉ်ပေး၍ ကျွန်တော် ပြောကြားမှုပြုလိုပါသည်။သန့်ရှင်းသော ဝိညာဉ်တော်ဆိုတာ အဘယ်အရာ ဖြစ်သနည်းဆိုတာပါပဲ။? ပြီးတော့ မနက်ဖြန်ညမှာ၊ကျွန်တော် ဟောပြောလိုပါသေးသည် အဘယ်သို့သော အရာအတွက် အပ်နှင်းခဲ့ခြင်း ဖြစ်သလဲ ဆိုတာပါပဲ။?သောကြာနေ့ညမှာ (အသံဖမ်းသူများကတော့၊ ဒီအကြောင်းကို သောကြောနေ့ည မှာ အသံဖမ်းမထားစေလိုပါ)မည်သို့ပြု၍ သန့်ရှင်းသော ဝိညာဉ်တော်ကို ကျွန်တော် ရရှိသနည်း၊ ထိုအရာကို ကျွန်တော်ရရှိစဉ်အခါ၊ မည်သို့ပြုရန် ကျွန်တော် သိရပါသနည်း။? အဲဒီနောက် ကျွန်တော်တို့ လုပ်ဆောင်ကြရမှာက.... အဲဒီနောက် မြင်တာက၊ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုစနေနေ့နှင့် တနင်္ဂနွေနေ့အတွက် ဦးဆောင်မှုပြုမယ်ဆိုတာပါပဲ။.... တနင်္ဂနွေ နံနက် အနာရောဂါငြိမ်းခြင်းအစီအစဉ်တစ်ခု ရှိပါမည်။ တနင်္ဂနွေ ညအတွက်ကတော့ အခြားဧဝံဂေလိအစည်းအ ဝေးရှိပါသည်။

ပြီးတော့ယခု၊ ထိုသို့သော်အရာကို ကျွန်တော်တို့က အယောက်စီတိုင်းကို သိစေလိုပါသည်.... ကျွန်တော်ဟာ အသံဖမ်းသူများ အနောက်ဘက်အခန်းထဲပြေးသွားကြတာကိုသိပါသည်။ ဒါကို ပြောဖို့ ကျွန်တော် နှုတ်ခွန်းဆက်ပါတယ် ဘာဖြစ်လို့လဲဆိုရင်၊ ဒီမှာရှိနေတဲ့ဒီအစည်းဝေးများဟာဆိုရင်၊ ဒီလိုမျိုး ဧဝံဂေလိတရားဟောခြင်းပုံစံမျိုး ဖြစ်နေလို့ပါပဲ။ကျွန်ုပ်တို့ထံမှာရှိနေတဲ့လူများဟာဆိုရင်၊ ကွဲပြားခြားနားတဲ့ ဂိုဏ်းဂဏအသင်းတော်များမှရောက်လာကြခြင်းဖြစ်ပါသည်။ အဲဒီအသင်းတော်များဟာ သူတို့၏ ကိုယ်ပိုင် အဝန်းအဝိုင်းထဲမှယုံကြည်မှုကို သွန်သင်ပေးကြပါမည် " တခုစီကို ဖြစ်ပါသည်။ ပြီးတော့ အဲဒါတွေဟာ အားလုံးအမှန်တွေချည်းပါပဲ။ ကျွန်တော်ဟာ ညီအစ်ကိုများအကြား အပြစ်ရှိသော ဝိဝါဒကွဲပြားစေသည့် မျိုးစေ့ကို ကျွန်တော်ဘယ်တုန်းကမှ မကျဲပက်လိုပါ။ ပြီးတော့ အစည်းအဝေးပွဲများမှ ထွက်ခွာပါမည် ။ ကျွန်တော်သည်ကြီးမြတ်သော ဧဝံဂေလိဆိုရင် နှုတ်ကပတ်တော်၏ သမ္မာတရားတို့ကို ဟောပြောမှုပြုပါမည်၊ ကျွန်တော်၏ အစည်းအဝေးမှာ ပုံ့ပိုးသူ ညီအစ်ကို ရှိမည်ဟု ယုံကြည်ပါသည်။ သို့သော် ဤနေရာရှိ ဗိမ္ဗာန်တော်တွင်၊ ကျွန်တော် ယုံကြည်သောအရာများကို ပြောကြားသွားလိုပါသည်။ ထို့ကြောင့်၊ အကယ်၍ ထိုအရာကိုသင်နားမလည်ဘူး ဆိုပါက၊ စာလေးတစောင်ပဲ ရထားတယ်ဆိုပါကလည်း အလွန်ဝမ်းမြောက်မိပါမည်၊ ဒါမှမဟုတ်သင်ထံမှ အဲဒါကို ဘာကြောင့် ကျွန်တော်တို့ ယုံကြည်ကြသည်ဆိုသော အကြောင်းအချက်ကို မေးခွန်းတခုမျိုးဖြင့်ကျွန်တော်အား မေးမြန်း မည်ဆိုပါကလည်း ၊ ကျွန်တော် အလွန်ဝမ်းသာရပါမည်။ ပြီးတော့ ကျွန်တော်အကောင်းဆုံး လုပ်ပေးနိုင်သည့် အရာကို၊ ကြိုးစား၍ ရှင်းပြရမည်ဆိုပါကလည်း ဝမ်းမြောက်ရပါမည်။

5 ၅။ သင်သိပါတယ်၊ အသင်းတော်တိုင်း.... အကယ်၍ သင့်မှာ လမ်းညွှန်ချက်တခုမှ ရှိမနေဘူး ဆိုရင် သင့်မှာအသင်းတော်တခုတောင် ရှိမှာ မဟုတ်ပါဘူး၊ သင်၏ရပ်တည်ချက်အတွက် တခုခုတော့ သင်မှာ ရှိထားရပါမည်။အချို့သော နိယာမများကို သင်စွဲကိုင်ထားရပါမည်၊ လူတယောက်၏ထိုလူသည် ဘုရားသခင်၏ ဝိညာဉ်တော်မွေးဖွားခြင်း၌ရှိပါမည်၊ကျွန်တော်၏ ညီအစ်ကို၊ ညီအစ်မများက ပဓာနမကျလှပါ....တဆက်တည်းဆိုသလို အနောက်ကနေ အရှေ့အထိ အခြားသော အကြောင်းကိစ္စများကို ကျွန်တော်တို့သည်ခြားနားမှုရှိကောင်း ရှိပါမည်၊ သို့သော် ကျွန်တော်တို့သည် ညီအစ် ကိုများ ဖြစ်နေဆဲပင်ဖြစ်ပါသည်။ ပြီးတော့ အဘယ်အမှုကိုမှ ကျွန်တော် မပြုသည့်တိုင်၊ ကိုယ်နှင့် စပ်ဆိုင်သောသူတဦး တစ်ယောက်အတွက် ထိုညီအကိုကို ကူညီဖို့ ကြိုးစားမှုပြုပါမည်၊ ခရစ်တော်ဆီသို့ ပိုမိုကောင်းမွန်စွာစွာလျှောက်လှမ်း သွားပါမည်။ ပြီးတော့ စစ်မှန်သော ဘယ်အရာကိုမဆို ကျွန်တော် ယုံကြည်ပါမည်၊ ကျွန်တော်အတွက် စစ်မှန်သော ခရစ်ယာန်တယောက်က ကူညီသောအရာကို လုပ်ဆောင်မှုပြုပါမည်။

6 ၆။ ယခုဤဗိမာန်တော်ကို ကျွန်တော် မေးပါမည်.... ယခု၊ ဒီအထဲကို ကျွန်တော်တို့ ဝင်ရောက်ခြင်းမရှိကြပါ၊ ကာလ ရှည်ကြာသောအစည်းအဝေးပွဲတခုအတွက်ဖြစ်ပါသည်။ ဒီအရာထဲသို့ ကျွန်တော် ဝင်ရောက်လိုပါသည်။ " ကျွန်တော်သင့်ကိုအလိုရှိပါသည်။ သင်နောက်ကွယ်မှု ကုန်လွန်ခဲ့သော အရာရာတိုင်းကို လောင်ကျွမ်းသွားစေဖို့ရာ၊သင့်ကို ကျွန်တော် မေးစရာရှိခဲ့ဖူးပါမည်၊ အမှန်တကယ် အပြစ်တိုင်းလိုလိုကို လုပ်ပါမည်"-ကျွန်ုပ်တို့သည် ဤနေရာသို့၊ အလုံးစုံ သော ကျွန်ုပ်တို့၏ စိတ်နှလုံးသားများဖြင့်လည်းကောင်း၊ အသက်တာများ အားဖြင့်လည်းကောင်း ဝင်ရောက်လာခြင်း ဖြစ်ပါသည်။ ဘုရားသခင်ကြွလာတော်မူခြင်းအတွက်ကျွန်ုပ်တို့၏ ဝိညာဉ်များကို အသင့်ဖြစ်စေပြီးဆိုသော၊ အခြေခံကျ သော ရည်ရွယ်ချက်အတွက်၊ကျွန်ုပ်တို့ ဒီကို ရောက်လာကြခြင်းဖြစ်ပါသည်။ အခြားသောရည်ရွယ်ချက်အတွက်တော့ မပါပါ။သင်ကြားမှုပြုကောင်းပြုပါမည်၊ သို့မဟုတ် တစုံတယောက်နှင့် နည်းနည်းလေး ဆန့်ကျင်ဖီလာဖြစ်သည့်ကိစ္စ တစုံတယောက်ကို ပြောကြားကောင်းပြောပါလိမ့်မည်။ .... အဲဒီလိုလမ်းကြောင်းကို သူတို့ယုံကြည်ခဲ့ကြပါသည်။ ပဋိပက္ခ ဖြစ်ဖို့ရာကျွန်တော် ရောက်လာခြင်းမဟုတ်ပါ။ သင်မြင်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်ရောက်လာတာက... ကျွန်တော်တို့ ဒီနေရာမှာ ရှိနေခြင်းက ဘုရားသခင်ကြွလာတော်မူခြင်းအတွက်အသင့်ပြင်ဆင်ဖို့ပဲ ဖြစ်ပါသည်။

7 ၇။ ဒီအုပ်စုလေးအကြောင်း ကျွန်တော် စဉ်းစားပါသည်.... ဒီနေရာမှာ ကျွန်တော်နှင့်အတူ အလည်အပတ်ရောက် လာကြသည့် ညီအစ်ကိုများလည်းပါလာပါသည်။ ခြားနားသောနေရာအသီးသီးမှ ရောက်လာကြခြင်းဖြစ်သည်ဟု၊ ကျွန် တော်သိရပါသည်။သူတို့ရှိနေတဲ့ အတွက် ပျော်လှပါတယ်။ ပြီးတော့ သံသယမရှိသော်လည်း အဲဒီပရိသတ်ရှိရာကို တောက် လျှောက်ထွက်သွားရပါမည်၊ အဲဒီကအခြားသူများကတော့မြို့ပြင်မှ ဖြစ်ပါသည်။ ဒီနေရာက ကျွန်ုပ်တို့၏ ဆက်စပ် မြို့ငယ်ကလေးများ အနီးတစ်ဝိုက်က၊ထွက်လာကြခြင်း ဖြစ်ပါသည်။ သင်ရှိနေတဲ့ အတွက် ကျွန်တော်တို့ ဝမ်း သာရပါသည်။ ဤသို့သောအရာများကို ကြားနာဖို့ရာ ၊ ရောက်လာရသည်ဆိုသော၊ ကောင်းမွန်လုံလောက်သည့် ကျွန်ုပ် တို့အားထားရှိသည့် သင်၏ ချစ်ခြင်းမေတ္တာအတွက် အလွန်အလေးအမြတ်ထား ဂုဏ်ယူမိပါတယ်။ သင်နှင့်အတူအိမ်ပြန် စရာအကြောင်း ရှိကောင်းရှိနိုင်ပါသည်။ ကျွန်ုပ်၏ ညီအစ်ကို၊ ညီအစ်မများ ခင်ဗျား၊အချမ်းသာဆုံးရတနာတို့၏ အရှင် သခင်ဘုရားသခင်သည် သင့်နှလုံးသားထဲက ကျွန်ုပ်၏ ဆုတောင်းချက်ကိုသွန်းလောင်းမှုပြုနိုင်ပါသည်။

8 ၈။ ပြီးတော့ ဒီဗိမ္ဗာန်တော်လေး၌၊ တွေ့မြင်ရသောအရာများ၊ အကောင်းဆုံးလူပုဂ္ဂိုလ်များထဲက တဦးတယောက် ဖြစ်သည်ဆိုသောအရာကို ကျွန်တော်ယုံကြည်ခြင်းဖြစ်၍၊ကမ္ဘာပေါ်၌ ရှိသည်ဆိုသောအရာကို ကျွန်ုပ်ယုံကြည်ခြင်း ဖြစ်ပါ သည်၊ ဒီဗိမာန်တော်ဆီသို့သွားပါသည်... အားလုံးဟာ အကောင်းဆုံးလူများဖြစ်သည်ဟုတော့၊ကျွန်တော် ဘယ်တုန်းက မှ မပြောခဲ့ဖူးပါ ဒီအသင်းတော်ရှိ်ရာဆီသို့ ၊ ကမ္ဘာပေါ်က အကောင်းဆုံးသောလူများထဲမှ အချို့သော လူများ သွားရောက် ခြင်း ဖြစ်ပါသည်ဟုသာ ကျွန်ုပ်ပြောခဲ့ခြင်းဖြစ်ပါသည်။

သို့သော်တနေ့ပြီး တနေ့၊ အစည်းအဝေးတခုမှ အစည်းအဝေးတခုဆီသို့၊ အနောက်ဘက်သို့ ဝင်ရောက်သွားကြပြီးဖြစ်ပါ သည်။ ဒီအသင်းတော်၏ လိုအပ်ချက် ခပ်ကြီးကြီး တစ်ခုကို ကျွန်တော်မြင်နေရပါသည်။အဲဒီအထဲမှာ လိုအပ်ချက် ခပ်ကြီး ကြီးတော့ ရှိပါသည်။ ဖြည့်စွက်ရမည့်အရာတခုအတွက် (သို့)ဘုရားသခင်အတွက် ဆက်ကပ်အပ်နှံထားသော အရာတခု အတွက် ဖြစ်ပါသည်။ နက်နဲသောအသက်တာတခုဖြစ်ပါသည်၊ဘုရားသခင်နှင့်အတူ နီးကပ်စွာ လျှောက်လှမ်းသူတဦး ဖြစ်ပါသည်။ အဲဒီလို လုပ်ဆောင်ဖို့၊ ကျွန်တော်တို့ သူတို့ကို ကတိပြုခဲ့ကြပါသည်၊ သူတို့အတွက် ဒီသတင်းစကားရှိနေပါ သည်။ သင်ကိုအထဲသို့ခေါ်သွားရမည့်အတွက်၊

ကျွန်တော်တို့ ဝမ်းမြောက်မိပါသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်နားတဝိုက် ကျွန်ုပ်တို့နှင့် အတူ မိတ်သဟာယပြုနိုင်ပါသည်၊ ကျွန်ုပ်တို့၏ သင်ကြားမှုကဲ့သို့ပြင်ပရောက်အောင် ကြိုးစား ဆောင်ယူသွားပါမည်။

ယခု၊ပထမဆုံးညမှာတော့ ခေါင်းစဉ်တည်၍ ကျွန်တော်တို့ ဟောပြောသွားမှာ မဟုတ်ပါဘူး သို့သော် ဘုရားသခင်၏နှုတ်ကပတ်တော်မှ သတင်းစကားတခုကို သင်ယူဖို့ရှိပါသည်။ ပြီးတော့ ယခု.... ဘာကိုလုပ်ဖို့၊ ဘယ်သူ့ကိုမေးသည် ဆိုတာမျိုး ၊ ကျွန်တော်မှာ မရှိခဲ့ပါ၊ ကျွန်တော်ကိုယ်၌လည်း၊ လုပ်ဆောင်နိုင်သောအရာ မဟုတ်ပါ၊ ဒီရက် သတ္တပတ်ဟာ ဆိုရင်၊ ကျွန်တော်အတွက်ပြီးပြည့်စုံသော ကာရာနီရက်သတ္တပတ် ဖြစ်လို့နေပါသည်။ ကျွန်တော်ဟာ အမှောင်ထု ဆီသို့ ၊ပို၍ အလွန်နီးကပ်လို့လာပါသည်၊ ထိုအရပ်၌ ကျွန်တော် နေရာကျရပါလိမ့်မည်၊ ကျွန်တော်ကိုယ်၌ကကျွန်တော် ဘေးနား မှာ ရောက်လုနီးနေပြီဟု ခံစားရသည့်အချိန်ရောက်နေပါပြီ၊ သို့သော် ဖြစ်လာမည့်အရာရာတိုင်းကို ကျွန်တော်တို့ လုံး၀ ဉသု အရှုံးပေးထားခဲ့ပြီး ဖြစ်ပါသည်။ ဘုရားသခင်ကိုကျွန်တော် သိရမယ်ဆိုတာကတော့၊ အလုံးစုံသောအရာပဲ ဖြစ်ပါ သည်။

9 ၉။ သန်းခေါင်ယံလွန်ပြီးနောက်၊ အခြားညတညက နီးနားဝန်းကျင်မှာ၊ကျွန်တော် ဇနီးနှင့် ကျွန်တော် ထိုင်နေရာမှ ဆုတောင်းမှုပြုကြပါသည်။ ဖွင့်လျက်သား ကျမ်းစာအုပ်နှစ်အုပ်နှင့်အတူ၊ ကျွန်ုပ်တို့ ရှေ့က အခန်းထဲမှာရှိတဲ့ ခုံပုလေးရဲ့ အခြားတစ်ဖက်မှာ ဘုရားသခင်အကြောင်းပြောဆိုနေခဲ့ခြင်းဖြစ်ပါသည်၊ ပြီးပြည့်စုံသော ဝတ်ပြုကိုးကွယ်ခြင်းအတွက်၊ အသစ်သောအရာကိုကျွန်ုပ်တို့ကိုယ်၌က ဘုရားသခင်ထံသို့ ဆက်ကပ်အပ်နှံမှုပြုခဲ့ကြခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့၏ကိုယ်ပိုင်အလို ဆန္ဒများကို ကျွန်ုပ်တို့ အဆုံးရှုံးခံကြပါသည်။ အရာအားလုံးကို ဖြစ်ပါသည်။အနှုတ်သဘောဆောင်သော စဉ်းစားမှုတိုင်းလိုလိုကို ဖြစ်ပါသည်၊ ယေရှုဘုရားကို အစေခံဖို့ပဲဖြစ်ပါသည်။ သင့်ရဲ့သဘောထားကိုလည်း ကျွန်တော် ယုံကြည်ပါသည်။ သင်သည် တူညီသောအလုပ်ကိုလုပ်ဆောင်မှုပြုပါသည်။ အဲဒီနောက် ကျွန်တော်တို့ဒီနေ့ညကို ရောက်လာကြပါသည်၊ သန့်ရှင်းသော မြေပေါ်မှာ ကျွန်တော်တို့ ရောက်လာကြခြင်း ဖြစ်ပါသည်။ဆုတောင်းနေသူများ အကြားမှာရှိနေကြခြင်း ဖြစ်ပါသည်၊ အစာရှောင်ကြပါသည်၊ ပြန်လည် ဆက်ကပ်အပ်နှံမှုကိုပြုကြပါသည်၊ဘုရားသခင်ထံ မှ တစုံတခုကို လက်ခံရရှိ်ဖို့ အဆင်သင့်အနေအထား ဖြစ်လို့နေကြပါသည်။ ကျွန်တော်သိတာက ဆာငတ်နေသူများဆီ သို့ သူရောက်လာမယ်ဆိုတာပါပဲ၊ ဆာလောင်နေသူများထံမှ အဝေးသို့ သူထွက်သွားမှာမဟုတ်ပါဘူး၊ သို့သော် ဘုရားသ ခင်သည် အသက်မုန့်ကို၊ ကျွေးမွေးတော်မူမှာ ဖြစ်ပါသည်။ ယခုကျွန်တော်တို့ သန့်ရှင်းစင်ကြယ်သော နှုတ်ကပတ်တော် ကို ဖတ်ရှုမှုမပြုခင်၊ ဆုတောင်းဖို့ရာခဏလောက် ကျွန်တော်တို့ ခေါင်းကိုငုံ့ ထားကြပါစို့။

10 ၁၀။ ဘုရားသခင်၊ ဒီနေ့ည ဒီနေရာမှာ ဆုတောင်းခြင်းဖြင့်၊ကမ်းလှမ်းမှုကိုပြုရန် အသင့် သင့်ဖြစ်လို့နေကြပါသည်။ အဲဒါဟာဆိုရင် ဇိအုန်သီချင်းကိုကိုယ်တော်၏ သားသမီးများက သီဆိုနေကြပါသည်။ သူတို့ရဲ့ နှလုံးသားများဟာ အ ထက်သို့မြောက်တက်လျှက်ရှိပါသည်။ ကျွန်ုပ်တို့ ဤနေရာ၌ ရှိနေကြခြင်းမှာ၊ ကိုယ်တော်ကို ကျွန်ုပ်တို့ ကိုယ်၌က ဆက်ကပ်အပ်နှံမှုပြုဖို့ရာရောက်နေကြခြင်းဖြစ်ပါသည်။ နက်ရှိုင်းသော ကျွန်ုပ်တို့ ဝိညာဉ်ကနေ၊ ကိုယ်တော်ကို ကိုးကွယ်ဝတ်ပြုဖို့ရာ ရောက်ရှိနေကြခြင်း ဖြစ်ပါသည်။ ဤသို့သော ကိုယ်တော်ရှင်၏ အမှတ်တရရှိခြင်းကို၊ကျွန်တော်တို့ ခေါ် ဆောင်မှုပြုကြပါသည်။ ဘုရားသခင်၊ ကိုယ်တော် တောင်ကုန်းပေါ်မှာ ထိုင်တော်မူစဉ်အခါမိန့်တော်မူခဲ့ပါသည်၊ ကိုယ် တော်၏ တပည့်တော်တို့ကို သွန်သင်တော်မူခဲ့ပါသည်။ ‘ဖြောင့်မတ်ခြင်းအဖို့အလို့ငှာ၊ ငတ်မွတ်လျက် ဆာလောင် နေသူတို့အား ကောင်းချီးပေးသော သူတို့ကို ပြည့်စုံစေခြင်းသို့ရောက်စေဖို့ရာအတွက်ဖြစ်သည်။ ’ ထိုသို့ ကိုယ်တော် ကတိပြုတော်မူခဲ့ခြင်းဖြစ်ပါသည်၊ ဘုရားသခင်။

ဖွင့်လှစ်ထားသောနှလုံးသားများနှင့်အတူ၊ ဒီနေည ကျွန်ုပ်တို့ ရောက်လာကြပါသည်၊ ကျွန်ုပ်တ်ိုသည် ဆာလောင်လျှက်၊မွတ်သိပ်လျက် ရောက်ရှိလာကြပါသည်။ ကိုယ်တော်၏ ဂတိတော်ကို၊ စောင့်ထိန်းတော်မူကြောင်း၊ကျွန်ုပ်တို့ သိရှိကြ ပါသည်။

ကျွန်ုပ်တို့သည်ဤသို့သော သန့်စင်မွန်မြတ်သည့် နှုတ်ကပတ်တော်၏ စာများကို ဖက်ရှုဖို့ရာ၊ ထိုနေရာက မာတိကာအ ညွှန်းကို ဖွင့်ဟဖို့ရာ ကြိုးစားအားထုတ်မှုပြုသကဲ့သို့၊သန့်ရှင်းသော ဝိညာဉ်တော်သည်၊ နှလုံးသားတိုင်းကို အမှုပြုတော်မူ ကြောင်း အမှုပြုတော်မူပါမည်။ ထိုမျိုးစေ့သည်၊ နက်နဲရာသို့ ကျရောက်သွားပါမည်၊ ကြွယ်ဂသော ယုံကြည်ခြင်း သည် နှုတ်ကပတ်တော်ကအမှုပြုမည်ဆိုသော၊ ကတိတော်အတိုင်းကို၊ ရှေ့ဆက်ရမည့်ခရီးဆီသို့ ဆောင်ယူမှုပြုပေးပါ လိမ့်မည်။ကျွန်ုပ်တို့အား ကြားနာတော်မူပါ၊ ဘုရားသခင်၊ ကျွန်ုပ်တို့ကို စင်ကြယ်စေတော်မူပါ၊ ကျွန်ုပ်တို့အားကြိုးစားမှုပြုတော်မူပါ။ ကျွန်ုပ်တို့၏ အကြောင်းချဉ်းရာ၌ မည်သို့သော မစင်ကြယ်ခြင်းအကြောင်းရှိမည်ဆိုပါက၊ဘုရားသခင်၊ အပြစ်ဝန်ချတောင်း ပန်ခြင်းမရှိသည့် မည်သို့ဆိုသောအပြစ်မျိုးကိုမဆို၊ မည်သို့သောမမှန်ကန်ခြင်းမျိုး ကိုမဆို၊ ယခုချက်ချင်း ဖော်ပြတော် မူပါ။ ဘုရားသခင်။ ကျွန်ုပ်တို့သည်တည့်မက်စွာလျှောက်လှမ်းလျက် ထိုသို့သော အရာကို လုပ်ဆောင်မှုပြုပါမည်။ ယေရှု ဘုရားသခင်ကြွလာတော်မူမည်ဆိုသောအရိပ်များ၌ အသက်ရှင်နေရကြောင်း၊ ကျွန်ုပ်တို့ နားလည်သဘောပေါက် ကြပါသည်။ ပြီးတော့ ကျွန်ုပ်တို့မှာရှိတာက၊အို၊ သန့်ရှင်းသော ဘုရားသခင် ကနေ့ည ကိုယ်တော်ရှင်၏ ဖြောင့်မတ်ခြင်း အရိပ်ရှိရာဆီသို့ကြွလာတော်မူပါ၊ အသစ်သော ဆက်ကပ် အပ်နှံမှုတခုအတွက် ကျွန်ုပ်တို့ အသနားခံကြပါသည်။ ဆက်ကပ်အပ်နှံမှုတခုဖြစ်ပါသည်၊ကျွန်ုပ်တို့၏ အသက်တာ၌ သန့်ရှင်းသော ဝိညာဉ်တော် ၏ ပြည့်စုံခြင်းကို တည်စေ တော်မူပါ။

မှုန်ရီဝေဝါးနေခြင်းအတွက်၊ပြန်လည်စွဲလောင်လာသော မီးတောက်၏ အစ ပြုမှုကို မြင်ရပါသည်။ နှုတ်ကပတ်တော် သစ် တုံးပေါ်သို့၊ ကျွန်ုပ်တို့ကို ပစ်တင်လိုက်ကြပါစို့။ ထိုအရာသည် အသစ်သော မီးတောက်တစ်ခုကို၊ လောင်ကျွမ်းစေခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့၏ နှလုံးသားများသည် ဖွဲသတ္တိ နှင့် ပြည့်စုံလျက်ရှိပါသည်။ ကျွန်ုပ်တို့ကိုစင်ကြယ်စေတော်မူပါ၊ ဘုရားသခင်၊ ကိုယ်တော်၏ ကျေးဇူးတော်အားဖြင့် ကျွန်ုပ်တို့အသနားခံတောင်းလျှောက်ကြပါ၏၊ အရာခပ်သိမ်း အတွက် ကျေးဇူးတော်ချီးမွမ်းပါသည်။ ကိုယ်တော်အား ချီးမြောက်ကြပါ၏။ ကျွန်ုပ်တို့ နှလုံးသားမှ အကျိုးယုတ်စေသော အရာအာ လုံးကို ယူဆောင်တော်မူပါ၊ ကျွန်ုပ်တို့အားသန့်ရှင်းစေတော်မူပါ၊ အို၊ ဘုရားသခင် ‘ကျွန်ုပ်တို့အား စင်ကြယ်သော နှလုံးသားကို ပေးသနားတော်မူပါ၊ လက်များကို သန့်ရှင်းစေတော်မူပါ၊စိတ်ဝိညာဉ်တို့ကို သန့်ရှင်းစေတော်မူပါ၊

ကိုယ် တော်၏ သန့်ရှင်းစင်ကြယ်သော၊ ညဦးယံသို့ညကာလလွန်ပြီးနောက်၊ ကျွန်ုပ်တို့သည် ဝင်ရောက်ရသော အခွင့်ကို ရလိုပါ၏။ ဝမ်းမြောက်စေ၍၊ကိုယ်တော်၏ ဝိညာဉ်တော်နှင့်၊ ပြည့်စေတော်မူပါ။ ကိုယ်တော်၏ နာမတော်အဖို့အလိုငှာ၊ ဤသို့သောအရာကိုကျွန်ုပ်တို့ တောင်းဆုပြုကြပါ၏။ အာမင်'

11 ၁၁။ ယခု နှုတ်ကပတ်တော်ကို ဖက်ရှုဖို့ရာ ကျွန်တော်နှုတ်ခွန်းဆက်အပ်ပါသည်။ ဒီအချိန်အတွင်း ကျွန်တော်က သင်ကို ကျမ်းစာလေ့လာဖို့သင်တို့၏ကျမ်းစာအုပ်၊ ခဲတံ ၊ စာရွက်များ ယူလာပြီဟု မေးပါမည်၊ အဲဒါတွေကို သင်ယူထား မယ်ဆိုရင်အရမ်းကောင်းပါလိမ့်မယ်။ ဒီအချိန်အတွင်း သင်တို့ တမန်တော်ဝတ္ထု အခန်းကြီး (၇) ကို အစပြုကြရပါမည်။ .... မေးခွန်းဖြေဖို့လိုရာ... သို့မဟုတ်၊ မေးခွန်းကို အဖြေမေးဖို့ရန် အစပြုရပါမည်... 'သန့်ရှင်းသော ဝိညာသ်တော်ဆို တာ ဘာဖြစ်ပါသလဲ' ? စာတန်ကို ချေမှုန်းနိုင်သောအရာဘာတခုမှမရှိပါ၊ ဤကမ္ဘာမြေကြီးပေါ်၌၊ ယခု ထက်တိုင်၊ နှုတ်ကပတ် တော်ကဲ့သို့၊ စာတန်ကိုအစဉ်အမြဲ ချေမှုန်းနိုင်သည့်အရာ ဘာတခုမှမရှိပါ။ ယေရှုသည် ကိုယ်တော်၏ ကြီးမြတ်သော စစ်ပွဲကိုအသုံးချတော်မူခဲ့ပါသည်။ ကိုယ်တော်က 'ရေးသားထားသည်မှာ....' ဟုမိန့်တော်မူခဲ့ပါသည်။

12 ၁၂။ ဒီမနက် ကျွန်တော် ကြားနာမှုပြုစဉ်အခါ၊ ရက်အနည်းငယ်က၊အသံလွှင့်မှုတခုက ဖြစ်ပါသည်။ အချို့သော အမှုန့် အမွှားများ အတူတကွလွှင့်စင်ပေါက်ကွဲရာမှာ၊ဖန်ဆင်းခြင်းဖြစ်လာသည်ဆိုသော၊ သိမြင်ကြားသိခဲ့ရသော ကိစ္စကို ၊ ပြော ကြားလိုခြင်းဖြစ်ပါသည်။ ဖော့စဖိုတ် အချို့၊ ကမ္ဘာမြေကြီး၏ ဓာတုဓာတ်ပစ္စည်းအချိုးနှင့် ပူနွေးသော နေရောင်ခြည်တို့သည် သက်ရှိသားလောင်းဘဝကို ဖန်ဆင်းသည်။ အသက်ကို ဆောင်ယူသည်ဟူသောအရာဖြစ်ပါသည်။ ... ဘယ် လောက် ရယ်စရာ ကောင်းလိုက်ပါသနည်း။ နေရောင်ခြည်နဲ့ တွေ့တဲ့အခါမှာမည်သို့သော အသက်ရှ်ိသန္ဓေသားမဆို၊ သေဆုံးသွားပါမည်။ သားလောင်းတခုကို နေရောင်ခြည်၌ ထားထားလိုက်ပါ။ ထိုနေရောင်က၊ ထိုသားလောင်းကို ချက် ချင်း သတ်ဖြတ်လိုက်ပါမည်။ မည်သို့သော အကြောင်းကိစ္စမပါပါ၊သို့သော် စာတန်က ကျွန်ုပ်အား ထိုးနှက်ဖို့၊ ကြိုးစား မှုပြုပါသည်.... ကျွန်တော်ရဲ့ သမီးငယ်ရေဗက္ကာလေးကို၊ ကျွန်တော် ကျောင်းပို့ပြီးနောက်၊နောက်ပြန် ကြောင်းလျှောက် ကာ ရေဒီယိုကို တဖန်ဖွင့်ပါသည်၊ ကျွန်တော်ဟာ တဖန် ထိုအကြပ်အတည်းကိုစဉ်းစားကြည့်မိပါသည်၊ ဒါကြောင့် ကျွန်တော် နောက် ပြန်လှည့်ခဲ့ပါသည်။

ပြီးတော့လမ်းမပေါ်ထွက်လိုက်ပါသည်၊ စာတန်က ကျွန်တော်ကို ပြောပါသည်၊ သူက၊ 'လူသားတယောက်လိုပဲဖြစ်တဲ့၊ ယေရှုလို့သင်ခေါ်နေတဲ့၊ ဒီလူကို သင်သိလား၊ သူ၏နေ့ရက်ကာလ၌ရှိသော နေ့တနေ့ကလည်း၊ ဘီလီဂရေဟမ်(သို့) အော်ရယ်ရော်ဘတ်တို့လိုပဲ ဖြစ်ခဲ့ပါမည်။ ထိုလူဟာဆိုရင်၊ ကိုယ်တော်ရှင် အနီးအပါးသို့၊အနည်းငယ်သော လူများကို သူတို့အား အစပြု၊ စုရုံးစေခဲ့သူဖြစ်ပါသည်။ သူဟာ ကြီးမြတ်သောသူတယောက်ဖြစ်ပါသည်။' အဲဒီနောက် မှာတော့ သူဟာ ကြီးမြတ်သထက် ကြီးမြတ်သူဖြစ်လာခဲ့ပါသည်၊အဲဒီနောက် သူဟာ၊ ထိုသူတို့အတွက် ဘုရားသခင်ဖြစ်လာ ခဲ့ပါ သည်။ ယခု၊ ထိုလူသေပြီးကတည်းက၊ကမ္ဘာအနှံ့အပြားပျံ့နှံ့သွားခဲ့ခြင်းဖြစ်တယ်၊ အဲဒါအားလုံးပါပဲ။ ဟုပြောခဲ့ပါသည်။

13 ၁၃။ ကျွန်တော် စဉ်းစားမိတာက၊ 'သင်ဟာ ဘယ်လိုလှည့်ဖြားသူဖြစ်သလဲ။' ဆိုတာပါပဲ။ အဲဒီနောက်မှာတော့၊ ကျွန်တော်ဟာ လှည့်လိုက်ပြီး၊ ဂရေဟမ်လမ်းကို ဖြတ်ကူးခဲ့ပါသည်။ကျွန်တော်က၊ 'စာတန်၊ သင်ဟာ ကျွန်ုပ်စိတ်ဝိညာဉ် ကို စကားလာပြောခြင်း ဖြစ်ပေသည်၊ ကျွန်တော်ခင်ဗျားကို နည်းနည်းလောက် မေးလိုပါသည်၊ လာလတ္တံ့သောအရာ တို့ကို၊ အဘယ်မည်သော ဟောဖြဲပရောဖက်ကပြောကြားမှုပြုခဲ့ပါသနည်း။?' ဘိသိက်ခံရသော မေရှိယဆိုတာ မည်သူ ဖြစ်ပါသနည်း။? ကိုယ်တော်ဤလောကကို ကြွလာတော်မမူမီ၊ ကိုယ်တော်ရှင်၏ ဘဝအသက်တာအကြောင်း၊ နှစ်ထောင် ချီကတည်းက ပြောကြားခဲ့ကြသော၊ကိုယ်တော်အား ကြိုတင်သိမြင်ခဲ့ရသူတို့အပေါ်၌ အဘယ်ဆိုသောအရာ သက် ရောက်ခြင်း ရှိပါသနည်း။?မည်သူက ထိုကြိုတင် ဟောပြောချက်ကို ရေးသားခဲ့ပါသနည်း။? ကိုယ်တော်ရှင် ကြွလာတော် မူစဉ်အခါ၊သူတို့ပြောကြားခဲ့ပါသည်၊ ကိုယ်တော်ရှင်သည် ပြစ်မှုကျူးလွန်သူတို့နှင့်အတူ ရေတွက်မှုပြုခဲ့ပါသည်၊ကိုယ်တော်ရှင် ဖြစ်ပါသည်။ ကိုယ်တော်ရှင်သည် ကျွန်ုပ်တို့၏ ပြစ်မှုကျူးလွန်ခြင်းတို့အတွက်၊အလွန်အဖဲ့ခံခဲ့ပါသည်။ ထိုသို့သော ကိုယ်တော်ရှင်ဖြစ်ပါသည်။ ကိုယ်တော်ရှင်သည် ကြွယ်ဝပြည့်စုံပါလျက်နှင့်သူ၏ သင်္ချိုလ်ခြင်းကို ထွင်ခဲ့ပါ သည်၊ သို့သော် သုံးရက်မြောက်သော နေ့၌ ရှင်ပြန်ထမြောက်ခဲ့ပါသည်။ကိုယ်တော်ရှင် အမှုပြုသောအရာ ဖြစ်ပါသည်။ အဲဒီနောက် ကိုယ်တော်ရှင်သည် သန့်ရှင်းသော ဝိညာဉ်တော်ကိုကတိပြုတော်မူခဲ့ပါသည်၊ ထိုအရာကို ကျွန်တော် ရရှိ ခဲ့ပါသည်။ ဒါကြောင့် ခင်ဗျားဟာ ကျွန်တော်ကိုအဲဒီလိုမျိုးအရာ၏ အဝေးသို့ ယူသွားလို့ရအောင် လုပ်သော်ဆောင် ကောင်း လုပ်ဆောင်မှုပြုပါမည်။ အဘယ်ကြောင့်ဆိုသော်ထိုအရာကို နှုတ်ကပတ်တော်၌ ရေးသားထားခြင်းကြောင့် ဖြစ်ပါ သည်။ စကားလုံးတိုင်းသည် သမ္မာတရားဖြစ်ပါသည်။ 'ဟု ပြောကြားခဲ့ပါသည်။ အဲဒီနောက် သူကျန်ရစ်ခဲ့ပါသည်။ သူကို နှုတ်ကပတ်တော် ပေးလိုက်ခြင်းဖြစ်ပါသည်။ ထိုအရာကို လုပ်ဆောင်မှုပြုပါသည်။ သူဟာ နှုတ်ကပတ်တော်၌ ရပ်တည် မှုမပြုနိုင်ပါ။ စိတ်ကူးဥာဏ်ကွန့်မြူးခြင်းအတွက် ဖြစ်ပါသည်။ ဒီနေ့ည တမန်တော် ဝတ္ထုအခန်းကြီးခုနစ်ကို စဖတ်ကြပါ မည်။

'၁။ထိုအခါယဇ်ပရောဟိတ်မင်းက၊ ဤစကားမှတ်သလားဟု မေးသည်ရှိသော်၊ ၂၊ သတေဖန်က၊ ညီအစ်ကိုအားတို့ နားထောင်ကြပါလော့။ငါတို့အဘ အာဗြဟမ်သည်၊ ခါရန်မြို့၌ မနေမီ မေသောပေါ်တာမိတိုင်း၌ ရှိစဉ်အခါ၊ ဘုန်းကြီးတော်မူသော ဘုရားသခင်သည် ထင်ရှားတော်မူ၍၊ ၃၊ သင်နေသော ပြည်နှင့် တကွ အမျိုးသားချင်းများထဲကထွက်ပြီး လျှင်၊ ငါပြလတ္တံ့သော ပြည်သို့ သွားလော့ဟု အာဗြဟံအား မိန့်တော်မူ၏။ ၄၊ ထိုအခါအာဗြဟံသည် ခါလဒဲပြည်မှ ထွက်၍ ခါရန် မြို့၌နေ၏၊ သူ၏ အဘ သေလွန်သည်ရှိသော်၊ ယခု သင်တို့နေသောဤပြည်သို့ ထိုမြို့မှ ပြောင်းစေတော်မူ၏။ ၅၊ ဤပြည်၌ ခြေနင်းရာကိုမျှ အမွေပေးတော်မမူသော်လည်း၊သူမှစ၍ သူ၏ သားမြေတို့အား ဤပြည်ကို အပိုင်ပေးတော် မူ မည်ဟု သားတယောက်မျှမရှိမီ၊ ဂတိထားတော်မူ၏။၆၊ သင်၏ အမျိုးအနွယ်သည် သူတပါးသောပြည်၌ ဧည့်သည် ဖြစ် ကြ သဖြင့်၊ သူတပါးတို့၌ ကျွန်ခံခြင်း၊နှိပ်စက်ညှဉ်းဆဲခြင်းကို အနှစ်လေးရာပတ်လုံး ခံရကြလိမ့်မည်။ ၇၊ သူတို့ကို စေခိုင်း သောလူမျိုးကိုလည်းငါစီရင်မည်။ ထိုနောက်မှ သူတို့သည် ထွက်၍၊ ဤအရပ်၌ငါ့အားဝတ်ပြုကြလိမ့်မည်ဟု ဗျာဒိတ်

ထားတော်မူ၏၊၈၊ ဘုရားသခင်သည်လည်း အရေဖျားလှီးခြင်းနှင့် ဆိုင်သော ပဋိညာဉ်တရားကို အာဗြဟံအား ပေးတော်မူ၏။ ၈၊ ဘုရားသခင်သည်လည်း အရေဖျားလှီးခြင်းနှင့်ဆိုင်သော ပဋိညာဉ်တရားကို အာဗြဟံအားပေးတော်မူ၏။ထိုသို့ဣဇာက်ကို ဖွားမြင်၍ ရှစ်ရက်မြောက်သောနေ့၌၊ အရေဖျားလှီးခြင်းကို ပေးလေ၏။ ဣဇာက်သားယာကုပ်၊ ယာကုပ်သားများ က၊ အမျိုး၏ အဘတကျိပ်နှစ်ပါးတည်း။'

14 ၁၄။ ဒီနေရာမှာ၊ ကျွန်တော်တို့ ခေါင်းစဉ်ကို ချဉ်းကပ်သွားဖို့ဆန္ဒပြုကြပါမည် (အဲဒါကတော့ ဒီကနေ့ အရမ်းကောင်းတဲ့ ခေါင်းစဉ်တခုကို၊ ကျွန်တော် စဉ်းစားမိခြင်းဖြစ်ပါသည်။) သန့်ရှင်းသော ဝိညာဉ်တော်ဆိုတာ ဘာဖြစ်သလဲ ? အဲဒါက ဘာပါလဲ။ ပြီးတော့ အခု၊ အကြောင်းအရာအနေဖြင့်၊ ကျွန်တော်ဟာ ဒီလိုလိုင်း တားပြီး ယူသွားပါမည်။ သင်မလာ နိုင်ပါဘူး၊သန့်ရှင်းသော ဝိညာဉ်တော်ကို ခံယူမှုပြုပါ၊ ဘာလဲဆိုတာ သင်မသိဘူးဆိုလျှင် ဖြစ်ပါသည်။ ပြီးတော့ထိုအရာ ကို သင်မခံယူနိုင်ပါ၊ (အကယ်၍ အဲဒါတာဘာဆိုတာ သင်သိမယ်ဆိုပါက) ၊ ထိုအရာက သင်အားအပ်နှံမှုပြုသည်ကို သင်မယုံကြည်ဘူးဆိုပါက ဖြစ်ပါသည်၊ ထိုအရာသည် သင့်အတွက် ဖြစ်ပါသည်။ပြီးတော့၊ အဲဒါကို သင်ရလား မရလားဆို တာကို သင်မသိနိုင်ပါဘူး၊ ထိုအရာက ဘာရလဒ်ကို ယူလာသလဲဆိုတာသင်မသိဘူးဆိုလျှင် ဖြစ်ပါသည်။ ဒါကြောင့် ထို ကိစ္စက ဘာဆိုတာ သင်သိမယ်ဆိုရင်၊ ဘယ်သူဆိုတာကိုသိမယ်ဆိုရင်၊ ထိုအရာ သက်ရောက်လာစဉ်အခါ၊ သင်ရလိုက် တဲ့အခါ၊ သင်ရလိုက်တာ ဘာဆိုတာ သင်သိရပါလိမ့်မည်။မြင်ပါ။ ထိုအရာက အဲဒါကို နေရာချပါသည်။

15 ၁၅။ ဒီကနေ့၊ ကျွန်တော်တို့ရဲ့ ဘရာသာညဂျက်ဖာကို ပြောကြားခဲ့သလိုမျိုးပါပဲ၊ပြီးတော့ သူပြောခဲ့တာ ရှိပါသည်။ 'ဒီနေ့ည ကျွန်တော် အစည်းအဝေးတက်လိုပါသည်၊ သို့သော်မနက်ဖြန်ည ကျွန်တော် အဲဒီကို သွားရပါမည်။' အစည်းအ ဝေးဘယ်လို ဆက်လက် ကျင်းပတယ်ဆိုတာမသိပါဘူး၊ ဘာဖြစ်လို့လဲဆိုရင် ကျွန်တော်တို့ဟာ ဒီနေရာမှာ အဲဒါကို အမှန် တကယ်ကြေငြာခဲ့ခြင်းမရှိလိုပါပဲ။ အချို့ဟာဆိုရင်.... ဘရာသာ လီယိုနှင့် သူတို့ဟာ ကျွန်ုပ်တို့၏သူငယ်ချင်းအချို့ထံသို့ စာရေးသားမှု ပြုခဲ့ပါပြီ။ သူတို့အား ကြားပြောခဲ့ပါသည်၊ မြို့ပြင်ထွက်ခဲ့ကြပါသည်။ ကောင်းပြီ၊ ဘာဖြစ်လို့လဲဆိုရင် ကျွန်တော်တို့မှာ အခန်းမရှိခဲ့ကြလို့ဘဲ ဖြစ်ပါသည်။..... ယခု ကျွန်တော် ပြောခဲ့တာ ရှိပါသည်၊ 'ဘရာသာဂျက်ဖရီ၊သင်က ကျွန်တော်ကို အောက်ဖက် ဆင်းခိုင်းပြီး၊ သီချင်းတွေ ဖွင့်ခိုင်မယ်ဆိုရင်၊ အဲဒီအကြောင်းအရာကိစ္စတခုကိုမှ ကျွန်တော် သိရှိခြင်းမရှိပါ၊ အဲဒါတွေကို ကျွန်တော် လွှင့်ထွက်သွားအောင်သာလုပ်ကောင်းလုပ် နိုင်ပါသည်။ ကျွန်တော် ခလုတ်မှားနှိပ်ကောင်း မှားနှိပ်ပါမည်၊ မှားယွင်းစွာဖြင့် မော်တာကို လည်စေပါမည်၊' အဲဒါကို ကျွန်တော် မလုပ်ဆောင်ခင် ဘယ်လိုလုပ်ရမလဲဆိုတာကျွန်တော် သိရှိရပါမည် ဟူ၍ ဖြစ်ပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်ကို လက်ခံခြင်းဖြင့်ထိုလမ်းကြောင်း ကို ရှိစေပါ၊ ဘာအတွက် ရောက်လာတယ်ဆိုတာ၊ သင်သိရပါမည်၊ အဲဒါကို မည်သို့ခံယူရမည်ကို သိရပါမဘာလဲဆိုတာ ကို သင်သိရပါမည်။

16 ၁၆။ ယခု၊ ပထမနေရာမှာ၊ သန့်ရှင်းသော ဝိညာဉ်တော်၏ ကတိပြုတော်မူချက်ရှိပါမည်။ ကျွန်တော်တို့ ရက်သတ္တ ပတ် (၁၀)ပတ်လောက် အချိန်ယူဆောင်ယူရပါမည်၊ ဘယ်တော့မှ.... ဒီခေါင်းစဉ်အစွန်းကို ဘယ်တော့မှ ကျောက်သွား လို့ မရပါ။ သန့်ရှင်းသောဝိညာဉ်တော်ကဘာဖြစ်ပါသလဲ၊ သို့သော် ပထမဆုံး အကြောင်းအရာက၊ တညစီမှာ၊ လုံလောက် သော မှတ်ချက်တွေ ထုတ်ပေးခြင်းဖြင့်၊ ထိုခေါင်းစဉ်ကို ကျွန်တော် ချဉ်းကပ်သွားလိုပါသည်၊ အဲဒီနောက် မေးစရာတွေ မရှိမယ်ဆိုရင်တော့၊လာမယ့်ညတွေမှာ ကြည့်ပါမည်။

ဒီနေရာမှာဘယ်နှယောက်လောက် သန့်ရှင်းသော ဝိညာဉ်တော်ကို လက်မခံဘဲ ရှိနေကြပါသနည်း။ သန့်ရှင်းသောဝိညာဉ်တော် ဗတ္တိဇံကို ဖြစ်ပါသည်။ သင်တို့၏ လက်များ ကို မြှောက်လိုက်ပါ၊ သင်မှာ မရှိဘူးဆိုတာသင်သိပါသည်.... အခုချက်ချင်း လက်များကို ကြည့်လိုက်ပါ။

ယခု၊အဲဒီအပေါ်မှာ ကျွန်တော်စကားပြောလိုပါသည်၊ သန့်ရှင်းသော ဝိညာဉ်တော်ဆိုတာ သင်္ကေတတခုလိုမျိုးဖြစ်ပါ သည်။ ကျွန်ုပ်တို့အား အလုံးစုံသော ကတိတို့ကို ပြုတော်မူမည်ဟု၊ ကျွန်ုပ်တို့ဘဘောပေါက်နားလည်ကြပါသည်။ .... အာဗြဟံသည် ကတိ်တော်နှင့် စပ်ဆိုင်သော ဘိုးဘေးဖြစ်ပါသည်။အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် အာဗြဟံအား ကတိပြုတော်မူခြင်းကြောင်း ဖြစ်ပါသည်၊ သူနောက်တွင်သူ၏ မျိုးစေ့ကို ဖြစ်ပွားစေပါသည်။ ဤသင်္ကေတ မှာ ပဋိညာဉ်နှင့် သက်ဆိုင်သော ဘုတို့ဆီသို့သက်ရောက်မှု ရှိပါသည်။

17 ၁၇။ ယခု၊ ခရစ်ယာန်တယောက်နှင့် သန့်ရှင်းသော ဝိညာဉ်တော်နှင့်ပြည့်စုံသော ခရစ်ယာန်တယောက်က အကြား အလွန်ကြီးမားသော ကွာခြားချက်တခု ရှိပါသည်။ ယခု ၊ကျွန်တော်တို့ နှုတ်ကပတ်တော်မှ ဤအရာကို ဆက်လက် ရယူ မှုပြုရပါမည်၊ ထိုအရာကို နှုတ်ကပတ်တော်၌အတိအကျ နေရာချပါမည်။ ပထမနေရာက၊ ခရစ်ယာန်တယောက်က ခရစ် ယာန်တယောက်ကို အတိအလင်း ကြေငြာမှုပြုမည်ဆိုတာ၊သိမြင်ရပါမည်။ ထိုအရာကို ယုံကြည်ဖို့ရာ သူက ကြေငြာမှု ပြုပါမည်။ အဲဒါကို သူလုပ်ဆောင်မှုပြုပါသည်၊သို့သော် ဘုရားသခင်သည် သူ့သားကို သန့်ရှင်းသော ဝိညာဉ်တော်၏ ဝိညာဉ်ကို ပေးသနားတော်မူခြင်းမရှိသေးပါ။ ထိုလူသည် ဘုရားသခင်နှင့်အတူ ထိုပန်းတိုင်သို့ မရောက်သေးပါ၊ ဘုရား သခင်ကထိုအရာကို အသိအမှတ်ပြုတော်မူခဲ့ပါသည်။

18 ၁၈။ ကိုယ်တော်ရှင်သည် အားဗြဟံကို ခေါ်တော်မူပြီးနောက်၊အားဗြဟံနှင့်အတူ ပဋိညာဉ်ချုပ်ဆိုခဲ့ပါသည်။ အဲဒါဟာ ဆိုရင် ကနေ့၊ ယုံကြည်သူကို ခေါ်ဆိုသော ပုံစံ ဖြစ်ပါသည်။.... ကိုယ်တော်ရှင်သည် အာဗြဟံကို ခေါ်ဆိုမှုပြုခဲ့ပါသည်၊ အာဗြဟံသည်သူနိုင်ငံက ထွက်ခွာခဲ့ရပါသည်၊ နယ်မြေစိမ်းသို့၊ သူစိမ်းများ အကြားတွင် အခြေချရန်၊ ထွက်ခွာခဲ့ရပါသည်။ဘုရားသခင်သည် သူ၏ ယုတ်ညံ့ခြင်းကို အဆုံးသတ်ရန် လူတယောက်ကို ခေါ်ဆိုမှုပြုစဉ်အခါက၊ ပုံစံမျိုးဖြစ်ပါသည်၊ သူ၏ အပြစ်များကို နောင်တရစေပါသည်။ သူနေထိုင်ခဲ့တဲ့ လူစုလူဝေးကနေ သူဟာ လှည့်ထွက်ကာအသစ်သော အစုအဝေး၌ အသက်ရှင်စရာအကြောင်း ရှိခဲ့ပါသည်၊ အသစ်သော ပုံစံနှင့် လူများအကြားမှာဖြစ်ပါသည်။ ပြီးတော့၊ အဲဒီနောက် ဘုရားသခင်သည် သူ့အား ပေးသနားတော်မူမည်ဆိုသော ယုံကြည်ခြင်းနှင့်စပ်ဆိုင်သော ကတိတော်ကို၊ အာဗြဟံ၌ ရှာဖွေခဲ့ခြင်း ဖြစ်ပါသည်။ (သူ့ကလေးရခဲ့ပါသည်၊ ဒီကလေးဟာတလောကလုံးကို ကောင်းချီးခံရမည့်သူ ဖြစ်ပါသည်) သင်္ကေတတခုကိုပေး၍ ဘုရားသခင်သည် သူ၏ ယုံကြည်ခြင်းကိုအတည်ပြုခဲ့ပါသည်၊ ထိုအမှတ်သင်္ကေတ လေးသည်

အထိမ်းအမှတ် အခမ်းအနားတခု ဖြစ်ပါသည်။ အထိမ်းအမှတ်အခမ်းအနားတခုက၊ သန့်ရှင်းသော ဝိညာဉ် တော်၏ ပုံစံတခုပဲ ဖြစ်ပါသည်။

ဒီအခန်း၏နောက်ကျမ်းပိုဒ်များကို ကျွန်တော်တို့ ဖတ်ရှုမှုပြုပါမည်၊ (ချထားတာကို သင်လိုချင်တယ်ဆိုပါက) .... အထဲမှာ ....စတီဗင်က အခန်း၄ယ် (၅၁) တွင် ပြောထားတာရှိပါသည်။ ‘လည်ပင်းခိုင်မာ၍ နှလုံးဖြင့်၎င်း၊နားဖြင့်၎င်း အရေဖျား လှီးခြင်းကို မခံသော သူတို့၊ သင်တို့သည် သန့်ရှင်းသော ဝိညာဉ်တော်ကိုအစဉ်မပြတ် ဆန့်ကျင်ဘက် ပြုလေ့ ရှိကြ၏။ သင်တို့ကို ဘိုးဘေးများ၏ အလေ့နှင့် သင့်တို့အလေ့တူ၏ ’

19 ၁၉။ အထိမ်းအမှတ်ပြုခြင်းသည်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ပုံစံတခု ဖြစ်ပါသည်၊ ဘုရားသခင်သည် အာဗြံဟံ အား သူ၏ ကတိတော်ကို လက်ခံရရှိစေပြီးနောက်၊အထိမ်းအမှတ်ပြုရာ သင်္ကေတကို ပေးသနားတော်မူခဲ့ပါသည်။ သူ စိမ်းနိုင်ငံသို့ ထွက်ခွာခဲ့ရသည်ကိုသိမြင်ရပါမည်။ ထိုအရာသည် သင်္ကေတ တခုဖြစ်ခဲ့ပါသည်။ သူ့နောက်မှာ သူ၏ သားသမီးများနှင့်မျိုးဆက်တို့သည် သူ၏ အသွေးအသားထဲ၌ ဤသင်္ကေတကို ထားရှိသင့်ပါသည်။ အဘယ်ကြောင့်ဆို သော်ထိုအရာသည် ဂုဏ်ထူးဆောင်သော ဝိသေသတခု ဖြစ်ခဲ့လိုပါပဲ၊ ထိုအရာက သူတို့ကို၊ အခြားသော လူများထံမှသီးခြားခွဲထုတ်သော အရာဖြစ်ပါသည်၊ ဤအရာသည် အထိမ်းအမှတ်ပြုခြင်း၏ သင်္ကေတတခု ဖြစ်ပါသည်။ထိုအရာကို ဘုရားသခင်သည် တနေ့ အသုံးပြုတော်မူပါသည်။ ထိုအရာသည် နှလုံးသားအထိမ်းအမှတ်၏သင်္ကေတ တခုဖြစ်ပါသည်၊ သန့်ရှင်းသော ဝိညာဉ်တော် ဖြစ်ပါသည်။ ဘုရားသခင်၏ အသင်းတော်ကို၊အခြားသော အစုအဝေးအားလုံးမှ သီးခြား အသင်းတော်ဖြစ်စေသောအရာ ဖြစ်ပါသည်။ အခြားသော ယုံကြည်မှု၊ဂိုဏ်းဂဏ တို့မှ သီးခြားအသင်းတော် ဖြစ်စေသော အရာ ဖြစ်ပါသည်။ သူတို့သည် အလုံးစုံသောဂိုဏ်းဂဏတို့မှ သီးခြားအသင်းတော်ဖြစ်စေသော အရာဖြစ်ပါသည်။ သူတို့ သည် အလုံးစုံသော ဂိုဏ်းဂဏအမျိုးအစားများ၌ ရှိနေကြပါသည်။ သို့သော် ယခုထက်တိုင် သူတို့သည် သီးခြားလူမျိုးစု ဖြစ်မြဲတာဖြစ်ပါသည်။

20 ၂၀။ သင်က ကျွန်တော်ကို၊ လူတယောက်အား နှစ်မိနစ်လောက်တော့ပြောစေပါ၊ လူဟာ သန့်ရှင်းသော ဝိညာဉ် တော်ကို ခံရသည်၊ မခံရသည်ကို သင့်အား ကျွန်တော်ပြောပြနိုင်ပါသည်။ ဒါကြောင့် သင်လုပ်ဆောင်နိုင်ပါသည်။ ထိုအရာက သူတို့အား သီးခြားဖြစ်စေပါသည်။ ထိုအရာက အမှတ်အသား တခု ဖြစ်ပါသည်။ သန့်ရှင်းသော ဝိညာဉ်တော် ဆိုတာ အမှတ်အသားတခု ဖြစ်ပါသည်။မဓ္ဓဟောင်းကျမ်း၌၊ အထိမ်းအမှတ်ပြုခြင်းကို ငြင်းပယ်သော သားသမီးမရှိပါ၊ ထိုအရာသည် သန့်ရှင်းသောဝိညာဉ်တော်၏ ရှေ့ပြေးအရိပ်ဖြစ်ပါသည်။ လူများအကြားကနေ အဆက်ဖြတ်မှု ပြုရပါသည်၊ အကယ်၍ သူသည်အထိမ်းအမှတ်ပြုခြင်းကို ငြင်းပယ်မယ်ဆိုပါက၊ ခိုလှုံရာ အစုအဝေးနှင့် မိတ်သဟာယ ပြုနိုင်မည်မဟုတ်တော့ပါ။ ယခု ဒီကနေ့ ပုံစံဖြစ်ပါသည်။ လူတယောက်က သန့်ရှင်းသော ဝိညာဉ်တော် ဗတ္တိဇံကိုခံယူရန် ငြင်းပယ် မှုကိုပြု၍ ၊ သန့်ရှင်းသော ဝိညာဉ်တော် အကြားတွင်၊ မိတ်သဟာယ ပြုနိုင်မည်မဟုတ်ပါ။ထိုအရာကို သင်လုပ်ဆောင်မှု မပြုနိုင်ပါ။ သင့်မှာ ဘာသာတရား တခု ရှိပါသည်။

တူပါသည်၊ကျွန်တော်အမေ ပြောလေ့ပြောထရှိပါသည်၊ ‘ငှက်များ၏ အမွေးသည် တူရာစုသည်။ ’ ဆိုသော အရာဖြစ်ပါသည်။ ကောင်းပါသည်၊ ရှေးစကားပုံတခု ဖြစ်ပါသည်။ သို့သော် ထိုအရာသည် စစ်မှန်သော အရာတခုဖြစ်ပါသည်။ ချိုးငှက်နှင့် ခိုမိတ်ဆွေဖွဲ့ဲ့ြသည်ကို သင်မြင်ရမှာ မဟုတ်ပါဘူး သူတို့၏အစာအဟာရက ကွဲပြားမှုရှိပါသည်၊ သူတို့၏အမူ အကျင့်က ခြားနားပါသည်၊ သူတို့၏ အလိုဆန္ဒက ခြားနားလှပါသည်။ထိုနည်းလမ်းသည် ကမ္ဘာလောကနှင့် အတူရှိပြီး၊ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် သင်သည်အထိမ်းအမှတ်ပြုခြင်းကို ခံရသော ခရစ်ယာန်တဦး ဖြစ်ခြင်းနှင့် ထိုအရာ၏ အဓိပ္ပာယ်မှာ ဇာတိပကတိကိုဖြတ်တောက်ခြင်း ဖြစ်ပါသည်။

21 ၂၁။ အရေဖျားလှီးခြင်း အထိမ်းအမှတ်သည် လူယောက်ျား၌သာပြုနိုင်ပါသည်။ သို့သော် မိန်းမတဦးသည် ယောက်ျား တဦးနှင့် ထိမ်းမြားမည်ဆိုပါက၊ ထိုသူ၏အစိတ်အပိုင်း ဖြစ်သွားပါသည်၊ သူမသည် သူနှင့်အတူ အရေဖျားလှီးခြင်းကို ခံယူပြီးသူ ဖြစ်သွားပါသည်။ တိမောသေသြဝါဒစာမှာ ပြောထားတာကို သင်အမှတ်ရပါ။ ‘ကလေးကို ဖွားအံ့သောငှာ မိန်းမသည် ကယ်တင်ခြင်းကိုခံသော်လည်း သူမသည် အလုံးစုံသော တည်ကြည်လေးနက်မှုနှင့်အတူ ယုံကြည်ခြင်း၌ ၎င်း၊ သန့်ရှင်းခြင်း၌၎င်း၊ရှေ့ဆက်ရမည် ဖြစ်သည်။ ’

ယခု၊အရေဖျားလှီးခြင်းမှာ.... ကောင်းကင်တမန်၏ သတင်းစကားကို၊ ကျောခိုင်းလျက်တဲထဲတွင် စာရာရယ်မောမှု ပြုသည်ကို သင်သိပါသည်၊ အဲဒီတုန်းက ကောင်းကင်တမန် ပြောခဲ့သည်မှာ ‘အာဗြံဟံ (လူစိမ်းဖြစ်သော၊ သူကို သိရှိခြင်းမရှိပါ။) သင့်အမျိုးသမီး စာရာ ဘယ်မှာလဲ?’ ဟူ၍ဖြစ်ပါသည်။ သူမှာ မိန်းမရှိတာကို၊ သူဘယ်လို သိပါသနည်း။ ယေရှု မိန့်တော်မူခဲ့သလိုပါပဲ။လောတ၏ နေ့ရက်ကာလမျိုး၌၊ လူသားသည် ကြွလာတော်မူမည်။ ဟူသော အရာဖြစ်ပါ သည်။ အမှတ်ရရမည်မှာ၊ထိုသို့သော နိမိတ်လက္ခဏာတို့သည် သောဒုံမြို့နှင့် ဂေါမောရမြို့ သို့ အပ်နှံခြင်း မခံခဲ့ရဆိုသောအရာဖြစ်ပါသည်။ လောက၌ရှိသော ဘာသာရေး လိုက်စားသူများအနက်မှာ ဖြစ်ပါသည်။ သို့သော် ထိုအရာသည်ရွေး ကောက်ခြင်း ခံရမည့်အရာ ဖြစ်ပါသည်။ ခေါ်ထုတ်မှုပြုမည့်အရာ ဖြစ်ပါသည်။အာဗြံဟံက ခေါ်ထုတ်မှုပြုခဲ့ပါသည်။လောက၌ ရှိသော အသင်းတော်၏ ဆိုလိုရင်းမှာ၊ ‘ခေါ်ထုတ်ခြင်း ၊ သီးခြားဖြစ်တည်စေခြင်း ’ ပင်ဖြစ်ပါသည်။အာဗြဟံလို့ သူကိုယ်သူ သီးခြားခွဲထုတ်၍၊ အရေးဖျားလှီးခြင်း အထိမ်းအမှတ်ကို ခံယူခဲ့ရပါသည်။ပြီးတော့ ကောင်းကင်တမန်၏ အလွန်တရာသော သတင်းစကားကို စာရာရယ်မောမှုပြုစဉ်အခါ၊ ဘုရားသခင်သည်သူ့ကို ပစ်မှတ်ပေါ်တင်၍ သတ် ပစ်လိုက်လို့ရပါသည်၊ သို့သော် ကိုယ်တော်ရှင်သည် အာဗြဟံကိုအနှောင့်အယှက် ဖြစ်စေမည့်၊ စာရာကို ဒုက္ခပေးခံ ခြင်းမျိုး မလုပ်ဆောင်နိုင်ခဲ့ပါ။ ဘာဖြစ်လို့လဲဆိုရင်သူတို့ဟာ တဦးတည်း ဖြစ်နေလိုပါပဲ။ သူမဟာ သူ၏ တစိတ်တပိုင်း ဖြစ်ပါသည်။ သင်တို့သည် အချိန်အကြာကြီးတွဲဖက်မနေနိုင်သည့်တိုင်၊ တလုံးတဝတည်း ဖြစ်၏။ ‘

22 ၂၂။ ထို့ကြောင့် ၊ အရေးဖျားလှီးခြင်းယူသည်၊ သန့်ရှင်းသောဝိညာဉ်တော် ဖြစ်ပါသည်။ ယနေ့ခေတ်ကာလ၌မူ နှလုံး သားအရေဖျားကို လှီးဖြတ်ကြရပါမည်၊ ထိုအရာသည်သင်္ကေတတခု ပင်ဖြစ်၍၊ ပေးသနားတော်မူသော အမှတ်သင်္ကေတ တခုဖြစ်ပါသည်။ တစုံတယောက်က အခြားနေ့တနေ့အကြောင်းပြောကြားဖူးပါသည်။ .... ဤသို့သော အရာ၌ ရုတ်ချည်း ကျွန်တော် နောင်တရမိပါသည်၊ရယ်စရာ မဟုတ်ပါ၊ အဘယ်ကြောင့် ဆိုသော် သမ္မာတရားဖြစ်လို့ပါပဲ၊ သို့သော် ကြားရ တာကတော့ရယ်စရာပါပဲ။ ကျွန်တော် တခါတရံ ပြောသလိုပါပဲ။

'အဲဒါရယ်ရမည့်နေရာ မဟုတ်ပါ။' သို့သော်ကျွန်တော် တို့ရှိရာ အနောက်ဘက် ကမ်းရိုးတန်းမှာ ဂျာမန်လေးတယောက်က ရှိနေပါမည်။ သူဟာသန့်ရှင်းသော ဝိညာဉ်တော်ကို ခံယူမှုပြုပါသည်၊ လမ်းမပေါ်ကို သူထွက်လာပါသည်၊ အစိတ်အပိုင်းတနေရာရာဆီသို့ သူလှမ်းလျှောက်သွားပါမည်၊ သူလက်ကို မြှောက်ပြီးတော့၊ အခြားသော ဘာသာစကားပြောပါမည်၊ပြေးလွှားပါမည်။ ခုန်ပေါက်မည်၊ အော်ဟစ်ပါမည်။ ထိုသို့သော အရာမျိုးကို သူဟာ အလုပ်ထဲအထိသယ်ဆောင်သွားပါမည်၊ သူကို သူဌေးက မေးပါမည်။ 'မင်းဘယ်ရောက်ခဲ့ပါသလဲ။?' (သင်ရောက်ဖူးခဲ့တဲ့ကျွန်တော် နှစ်သက်တဲ့နေရာတွေကပေါ့) သူက၊ 'ခင်ဗျား ဝက်အူ အစုအဝေးအကြား ရောက်ကို ရောက်ဖူးခဲ့ပါမည်။' ဟု ပြောကြားခဲ့ပါသည်။

သူက။ 'အဲဒီနောက် သင်ဟာ ဝက်အူ ဖြစ်သွားပြီဟု၊ ထင်ပါသလား။။?' ဟု မေးပါမည်။

သူက၊ 'သူတို့ကတော့ သေချာတာပေါ့' ဟုပြောပါမည်။

သူက၊ 'ကောင်းပြီ၊ ဝက်အူများ အတွက် ဘုရားသခင်ကို ကျေးဇူးတော် ချီးမွမ်းလိုက်ပါ။' ဟုပြောခဲ့ပါသည်။ပြီးတော့ သူက။ 'သင်ဘာကို သိရပါသနည်း။? ဝက်အူများဟာ အစိတ်အပိုင်း ခပ်ကြီးကြီး တခု၌ လှည့်နေတယ်။' ဟုပြောပါ သည်၊ သူက ၊ 'ခုလက်တလော၊ သားကိစ္စရှိပါသည်။အဲဒီကနေ ဝက်အူတွေအားလုံးကို သင်ယူလိုက်ပါ၊ သင်မှာရတာ ဘာမှမရှိပေမဲ့ 'တခွက်ခွက်' နှင့်မြည်သော အစုအဝေးတခုတော့ ရှိပါမည်။ ဒါကြောင့် မှန်ကန်သော အရာဖြစ်ပါသည်။

23 ၂၃။ သင့်အပေါ်သို့ သန့်ရှင်းသော ဝိညာဉ်တော် သက်ရောက်မှုရှိစဉ်အခါ၊သင်ဟာ အလွန်ခြားနားသွားပါလိမ့်မည်။ လောက၏ စိတ်သဘောတို့သည် သင့်အား မနှစ်သက်သည့်အထိဖြစ်ကြပါမည်။ သူတို့ဟာ လုပ်ဆောင်လိုခြင်း မရှိကြ တော့ပါ။ သင်ဟာ အခြားကမ္ဘာမှ မွေးဖွားသူတယောက်ဖြစ်သွားပါမည်၊ သင်ဟာ ဆန့်ကျင်ဘက်ပြုကြပါမည်၊ အလုံးစုံ သော ကိစ္စတို့ကို သင်နှင့်အတူ၊သူတို့ဟာ လုပ်ဆောင်လိုခြင်း မရှိကြတော့ပါ။ သင်ဟာ အခြားကမ္ဘာမှ မွေးဖွားသူတ ယောက်ဖြစ်သွားပါသည်၊သင်ဟာ အဝေးကွာဆုံးသော အာဖရိက တောနက်ထဲက၊ လူရိုင်းဒေသသို့ ရောက်ခဲ့ပေမယ်ဆို ပါကလည်း၊သင်ထက် အခြားမျိုးနွယ်စုက ဆယ်ဆပိုပါစေ၊ သင်ဟာ ထိုမျိုးနွယ်စုထက် ပိုသာနေပါမည်။ သန့်ရှင်းသောဝိညာဉ်တော် သက်ရောက်မှု ရှိစဉ်အခါ၊ သင်ဟာ ကွဲပြားခြားနားသွားပါမည်။ သန့်ရှင်းသော ဝိညာဉ်တော်သက်ရောက်မှု ရှိစဉ်အခါ သင်ဟာ ကွဲပြားခြားနားသွားပါသည်။ ထိုအရာသည် သင်္ကေတတခုပင် ဖြစ်ပါသည်။ထိုအရာသည် လူတို့ အကြားက အမှတ်အသားတခု ဖြစ်ပါသည်။

ယခုအဲဒီနောက် သင်ကပြောပါမည်။ ဘရာသာ ဘရမ်ဟမ် ထိုအရေဖျားလှီးခြင်းနှင့် စပ်ဆိုင်သော အမှတ်အသားကို အားဗြဟံအား ပေးသနားတော်မူခဲ့တယ်နော်၊ ဟုတ်ပါတယ်။ အားလုံး အမှန်တွေချည်းပါ။

24 ၂၄။ ယခု၊ ကျွန်တော်တို့ ဂလာတိ၊ အခန်းကြီးသုံး၊ အခန်းငယ်နှစ်ဆယ့်ကိုးကို သွားပါမည်၊ ကျွန်ုပ်တို့၌ မည်သို့ အသုံးပြုနိုင်သည်ကို မြင်ရမည်။ ဂလာတိ၃း၂၉ ဖြစ်ပါသည်၊ တပါးအမျိုးသားတို့၌၊ ဤသို့သော အရေဖျားလှီးခြင်းကို မည်သို့ အသုံးပြုနိုင်သည်ကိုသိမြင်ရပါမည်၊ အကယ်၍ ကျွန်ုပ်တို့သည် တပါး အမျိုးသားဖြစ်မည်ဆိုပါက၊ ကျွန်ုပ်တို့သည်သဘာဝတရားအရ မွေးဖွားခြင်းကို ခံကြရပါသည်။ ယခု ပထမဆုံး.... ကျွန်တော် အပိုင်းငယ် (၁၆)ကို ဖက်ရှုလိုပါသည်။

'၁၆၊ဂတိတော်တို့ကို အာဗြဟံနှင့် သူ၏ အမျိုးအနွယ်၌ ထားတော်မူ၏။ [အာဗြဟံနှင့် သူ၏ မျိုးဆက်ဖြစ်ပါသည်။]အမျိုးအနွယ်တို့ဟု အများသောသူတို့ကို ရည်မှတ်၍ မိန့်တော်မူသည် မဟုတ်၊' [ဘယ်မျိုးဆက်မဆိုပါလေ။ 'အို၊ ကျွန်တော်လည်း အာဗြဟံ၏ မျိုးနွယ်ပဲ ဖြစ်တယ်၊' လို့ပြောပါမည်၊ မဟုတ်ပါ။မျိုးဆက်ထံသို့ ဆိုသောအရာ ဖြစ်ပါသည်၊ အာဗြဟံ၏ မျိုးစေ့ဖြစ်၍၊ မျိုးဆက်များ မဟုတ်ပါ။]သင်၏ အမျိုးအနွယ်ဟု တယောက်သောသူအား ရည်မှတ်၍ မိန့်တော် မူ၏။ ထိုတယောက်သောသူကား၊ ခရစ်တော်ဖြစ်သတည်း။ 'ခရစ်တော်သည် အာဗြဟံ၏ မျိုးနွယ်ဖြစ်ပါသည်။ အဲဒါကို သင်ယုံကြည်ပါသလား။? ဟုတ်ပါပြီ။ ယခုအပိုဒ်ငယ် (၂၈- ၂၉) သို့သွားကြပါမည်။

'ယေရှုခရစ်တော်၌ယုဒလူမရှိ၊ ဟေလသလူမရှိ၊ ကျွန်မရှိ၊ လူလွတ်မရှိ၊ ယောကျ်ားမရှိ၊ မိန်းမရှိ၊ ထိုသခင်၌သင်တို့အပေါင်းသည် တလုံးတဝတည်း ဖြစ်ကြ၏။ ၂၉၊ ခရစ်တော်နှင့် စပ်ဆိုင်လျှင် အာဗြဟံ၏ အမျိုးအနွယ်ပင်ဖြစ်၍၊ဂတိတော်အတိုင်း၊ အမွေခံ၏ အရာ၌ တည်ကြ၏။'

အာဗြဟံ၏မျိုးဆက်ကိုမည်သို့ယူပါမည်နည်း။? ခရစ်တော်၌ တည်ခြင်းအားဖြင့် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အာဗြဟံ၏မျိုးနွယ် ဖြစ်ပါသည်။ ပြီးတော့ အာဗြဟံ၏ မျိုးနွယ်ဆိုတာ အဘယ်သို့သောအရာ ဖြစ်ပါသနည်း။?ထိုကဲ့သို့ပင်.... ကျွန်တော်တို့သည် ရောမ အခန်းကြီး (၄) နှင့်ကွဲလွဲသောနေရာများသို့ သွားကောင်း သွားရပါမည်။ အာဗြဟံသည် အရေဖျားလှီးခြင်း ခံစဉ်အချိန်အတောအတွင်း၊ကတိတော်ကို ခံရခြင်းမရှိပါ။ အရေဖျားလှီးခြင်းဆိုသော ပုံစံတစ်ခုကို ပြသဖို့ရာဖြစ်ပါသည်။သူအရေဖျားလှီးခြင်း မတိုင်မီ၊ ကတိတော် ကိုခံခဲ့ရခြင်းဖြစ်ပါသည်။ ထိုအရာသည်၊ သူအရေဖျား လှီးခြင်း မပြုမီ၊ သူ၏ ယုံကြည်ခြင်းကို အသိအမှတ်ပြုသောပုံစံတခုဖြစ်ခဲ့ပါသည်။

25 ၂၅။ ယခု ကျွန်ုပ်တို့သည် ခရစ်တော်၌ တည်စဉ်အခါ၊ အာဗြဟံ၏မျိုးနွယ် ဖြစ်လာခဲ့ပါသည်၊ ခရစ်တော်နှင့်အတူ အမွေးစား အမွေခံ ဖြစ်လာခဲ့ပါသည်။ ထို့ကြောင့်ကျွန်ုပ်တို့ ဘယ်သူဆိုတာ အကြောင်း မဟုတ်တော့ပါ။ ဂျူးပဲ ဖြစ်ဖြစ် ၊ တပါး အမျိုးသားပဲဖြစ်ဖြစ်ပါ.... ပြီးတော့ အာဗြဟံ၏ မျိုးနွယ်ဆိုသည်မှာ.... အာဗြဟံ၏ မျိုးနွယ်တွင် အာဗြဟံ၏ ယုံကြည်ခြင်းရှိပါသည်၊ ထိုသို့သောသူသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ယူဆောင်မှုပြုပါသည်။ အဲဒါကို မြင်ရ တာ ဘယ်လောက် ဟာသဖြစ်နေပေမယ့်၊ဂရုမစိုက်ပါနဲ့၊ သင်အပြုအမူက ဘယ်လိုပဲ သာမာန်ရိုးကျမဟုတ်ဖြစ်နေပေမယ့် ဂရုစိုက်မနေပါနဲ့၊အဲဒါက သင်ကို ဘယ်လောက် ထူးခြားနေစေပေမယ့် အဓိက မကျတော့ပါ၊ ဘုရားသခင်၏ နှုတ်ကပတ် တော်၌ဘုရားသခင်ကို သင်က သိတက်ဖို့ လိုပါသည်။ ဘယ်အရာမဆို အဓိက မကျတော့ပါ။

ဘုရားသခင်၏နှုတ်ကပတ်တော်၌ တည်သော ဘုရားသခင်ကို၊ အာဗြဟံ အသက်ခုနစ်ဆယ့်ငါးနှစ်မှာလည်းကောင်း၊ စာရာအသက်ခြောက်ဆယ့် ငါးနှစ်တွင်လည်းကောင်း ရယူမှုပြုခဲ့ပါသည်၊ မဟုတ်လောက်ဘူး ထင်ရတဲ့အရာကို၊ကပြောင်းကပြန်ဖြစ်သွားစေတဲ့၊ ဘယ်အရာကိုမဆို ခေါ်ဆိုမှု ပြုပါသည်။ ထိုခေတ်ကာလရှိ၊ ဆေးသမားတို့၏ထင်မြင် ကို သင်ဘယ်လိုစဉ်းစားမိပါသနည်း။? လူတွေဟာ အသက်ခုနစ်ဆယ့်ငါးနှစ်အရွယ် လူအိုတယောက်ဘုရားသခင် အား၊ ကျေးဇူးတော်ချီးမွမ်းမှုတို့ပြုလျက်၊ သူ့ဇနီးအားဖြင့် ကလေးတယောက် ရစေဖို့ဆုတောင်းပဌာနာ ပြုစဉ်အခါ၊ မည်သို့ မြင်မည်ဟု၊ သင်ထင်ပါသလဲ။ သူ့ဇနီးကတော့ အသက် ခြောက်ဆယ့်ငါးနှစ်ရှိပြီးဖြစ်၍။ သွေးဆုံးတာကတော့ နှစ်ဆယ့်ငါး နှစ်လောက် ရှိပြီ ဖြစ်ပါသည်။ သို့သော်(သင်မြင်ရပါမည်။) ထိုသို့သော အရာက သင်ကို လောင်စရာ ပြောင်စရာအပြု အမူဖြစ်ပေါ်စေပါမည်၊အာဗြဟံ၏ယုံကြည်ခြင်းလိုမျိုး ကိစ္စဖြစ်ပါသည်။

26 ၂၆။ သန့်ရှင်းသော ဝိညာဉ်တော်၏ အရေဖျားလှီးခြင်းကိုသင်ခံယူမှုပြုစဉ်အခါ၊ ပြောင်းလဲခြင်းမရှိသောအရာကို သင်၌ အမူပြုမည်ဖြစ်သည်။ ထိုသို့သောအရာကသင်ကို၊ သင်လုပ်ရလိမ့်မယ်လို့ မထင်ထားတဲ့ ကိစ္စများကို လုပ်ဆောင်စေမှာ ဖြစ်ပါသည်။ ထိုအရာကသင်ကို ဘုရားသခင်၏ ကတိတော်ကို ရယူစေပါမည်၊ ဘုရားသခင်အား ယုံကြည်စေပါမည်။

ယခုအဲလိုပါပဲ.... ကတိတခု၊ သင်္ကေတတခု ဖြစ်ခြင်း အပြင်၊ ထိုအရာသည်တံဆိပ် တခုလည်း ဖြစ်ပါသည်။ ယခု ၊ သင်ကျွန်တော်နှင့်အတူ ရောမသြဝါဒစာသို့ သွားမည်ဆိုပါက.... ပထမဦးဆုံး ကျွန်တော်သင်ကို ဧဖက်သြဝါဒစာ (၄း ၃၀) ကို သွားစေလိုပါသည်။ဒီမှာ တမိနစ်လောက် ဖက်ရှုကြပါစို့။ ဧဖက် (၄း ၃၀) မှာ ပြောထားတာ ဒီလိုပါ.... ယခု၊ များစွာ သောလူတွေက၊ ခြားနားတဲ့ တံဆိပ်များအကြောင်း ပြောကြားကြသည်ကို၊ သင်ကြားဖူးပါမည်၊ ‘ရွေးနှုတ် ခြင်း နေ့ရက်တိုင်အောင် သင်တို့ကို တံဆိပ်ခတ်တော်မူသော ဘုရားသခင်၏ သန့်ရှင်းသော ဝိညာဉ်တာ်ကို စိတ်မနာစေ ကြနှင့်။’ အချို့လူများက၊ ထိုအရာသည် အသေအချာ ပြုအပ်သော၊ ဥပုသ်နေ့ကို စောင့်ရှောက်ခြင်း ဖြစ်သည်ဟု၊ ဆိုကြ ပါမည်။ ‘ထိုအရာသည်ဘုရားသခင်၏ တံဆိပ်တော် ဖြစ်ပါသည်။’ အချို့လူတွေက ပြောပါမည်၊ ကျွန်ုပ်တို့၏ အသင်းဝင်မှုကို အချို့သော ဂိုဏ်းဂဏတခုခု၌ ထားရှိမှုပြုပါမည်။ ကျွန်ုပ်တိုသည် ဘုရားသခင်၏ နိုင်ငံတော်ဝင်စားရန်တံဆိပ် ခတ်နှိပ်ခံရကြပါသည်။ ‘ယခု၊ သမ္မာကျမ်းစာက ’ လူတို့၏ စကားသည် မုသာသက်သက် ဖြစ်၍၊ဘုရားသခင်သည် သမ္မာ တရားဖြစ်သည်။ ဟုမိန့်တော်မူပါသည်။

27 ၂၇။ ယခု၊ ဧဖက်သြဝါဒစာ (၄း၃၀)ကို ဤသို့ဖက်ရှုမှုပြုကြပါမည်။ ‘ရွေးနှုတ်ခြင်း နေ့ရက်တိုင်အောင် သင်တို့ကို တံဆိပ်ခတ်တော်မူသော ဘုရားသခင်သန့်ရှင်းသောဝိညာဉ်တော်ကို စိတ်မနာစေကြနှင့်။’ ယခု၊ ဤသို့သောအရာပေါ် တွင်၊ ဆက်လက်၍ ကျွန်တော် ရယူသွားဖို့ကတော့၊နည်းနည်းတော့ခက်ခဲလှပါသည်။ လဲချလိုက်ပါ... ယခု၊ သင်တို့ဟာ တရားဝင်သော ညီအစ်ကိုများ ဖြစ်ကြပါသည်။နည်းနည်းလေးတော့ တိတ်တိတ် ဆိတ်ဆိတ် ကျင်းပကြပါမည်။ ထို တံဆိပ်အမှတ်အသားကမည်မျှလောက်ကုန်လွန်ခဲ့ပြီး ဖြစ်သည်ကို၊ သင်သတိပြုမိပါသလား။? နောက်ထပ် နှိုးထခြင်း ရှိ သည့် အချိန်တိုင်အောင်မဟုတ်ပါ၊ တစုံတရာ မှားယွင်းသွားမည့် နောက်အချိန်အထိ ဖြစ်ပါသည်။ ‘ရွေးနှုတ်ခြင်းနေ့ရက် ကာလတိုင်အောင် ’ ၊ ဆိုသောအရာ ဖြစ်ပါသည်။ ထိုအရာက မည်မျှကြာအောင် သင်တံဆိပ်ခတ်နှိပ်မှုပြုသလဲ။ဆိုသော အရာ ဖြစ်ပါသည်။ သင်၏ ရွေးနှုတ်ခြင်းနေ့ရက်ကာလအထိ ဖြစ်ပါသည်။ ဘုရားသခင်နှင့်အတူသင်ရွေးကောက်ခံရသည့် နေ့ရက်ကာလအထိ ဖြစ်ပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်က သင့်အား အချိန်မည်မျှကြာအောင်တံဆိပ်ခတ်နှိပ်မှု ပြုပါသနည်း။ နှိုးထခြင်း တခုမှ နှိုးထခြင်းတခုသို့ မဟုတ်ပါ၊ သို့သော်သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် သင်၏ တံဆိပ် ခတ်နှိ်ပ်ခံရခြင်းသည် ထာဝရဖြစ်ခြင်းမှသည်ထာဝရဖြစ်ခြင်းဆီသို့ ဦးတည်ပါသည်။ ထိုအရာသည် သန့်ရှင်းသော ဝိညဉ်တော်ဖြစ်၍၊ ဘုရားသခင်၏တံဆိပ်အမှတ်အသား ဖြစ်ပါသည်။ ကိုယ်တော်ရှင် ရှာဖွေတွေ့ရှိခဲ့သော အရာမှာ.... ကိုယ်တော်ရှင်၏ အမြင်၌ သင်သည် ကျေးဇူးတော်ဆိုသောအရာကို ရှာဖွေတွေ့ရှိသွားခြင်းဖြစ်ပါသည်။ ကိုယ်တော်ရှင် သည် သင်ကို နှစ်သက်ပါသည်၊ ကိုယ်တော်ရှင်သည် သင်ကို ယုံကြည်ပါသည်။ကိုယ်တော်ရှင်သည် သူ၏ တံဆိပ်အမှတ် အသားကို သင့်အပေါ်၌ တင်တော်မူပါသည်၊ တံဆိပ်အမှတ်အသားဆိုတာ ဘာဖြစ်ပါသနည်း။? ဘယ်သူမဆိုပါ... အဘယ် ကြောင့်ဆိုသော်၊ ထူးခြားသော တံဆိပ်ခတ်နှိပ်မှုတခုသို့မဟုတ်၊ ‘ပြီးပြည့်စုံသော လုပ်ဆောင်ချက် ’ ဟုအဓိ ပ္ပာယ်ရပါသည်။ အာမင်။ ဘုရားသခင်သည်သင့်အား ကယ်တင်တော်မူခဲ့ပါသည်၊ သင့်အား စင်ကြယ်စေခဲ့ပါသည်၊ သင့်အား သန့်ရှင်းစင်ကြယ်စေခဲ့ပါသည်၊သင်နှင့်အတူ နှစ်သက်ဖွယ်သောအမှုကို ၊ တည်ဆောက်မှုပြုပါသည်။ သင့်အား တံဆိပ်ခတ်နှိပ်မှုပြုခဲ့ပါသည်။ ကိုယ်တော်သည် လက်စသတ်ပေးခဲ့ပါသည်။ သင်၏ရွေးနှုတ်ခံရခြင်းနေ့ရက်ကာ လမရောက်ခင်အချိန်ထိ၊သင်သည် ကိုယ်တော်ရှင် ဖန်ဆင်းပြုပြင်သောအရာ ဖြစ်ပါသည်။ တံဆိပ်တခုက ပြီးပြည့်စုံသောကိစ္စတခု ဖြစ်ပါသည်။

သန့်ရှင်းသော ဝိညာဉ်တော်ဆိုသည်မှာ အဘယ်သို့သောအရာဖြစ်ပါသနည်း ? ထိုအရာသည် သင်္ကေတ တခုဖြစ်ပါ သည်။ အခြားသော သတင်းစကားတခုပေါ်မှာ နည်းနည်းလေးကြာပြီးနောက်၊ ကျွန်တော်တို့ ဆက်လက် ယူရမည့် အရာ ရှိပါသည်။ ပေါလုသွန်သင်ခဲ့တဲ့ အမှတ်အသားတခုကတော့၊ယုံကြည်သူတို့ထံ သက်ရောက်သော အခြားသော ဘာသာ စကားပြောကြားခြင်း တံဆိပ်အမှတ်အသားပင်ဖြစ်ပါသည်။... သို့မဟုတ်၊ မယုံကြည်သူတို့ထံ သက်ရောက်ခြင်းရှိပါမည်။

28 ၂၈။ ယခု ၊ သတိပြုရမည်မှာ သို့သော် ဤအထဲမှာရှိပါမည်။သန့်ရှင်းသော ဝိညာဉ်တော် ဆိုတာ ကတော့ တံဆိပ် အမှတ်အသား တခု ဖြစ်ပါမည်.... ကျွန်တော်ဆိုလိုတာက၊ သန့်ရှင်းသော ဝိညာဉ်တော်သည် တံဆိပ်တခုဖြစ်သည်ဆိုတာပါပဲ။ ထိုအရာမှာ ကိုယ်တော်ရှင် ရွေးနှုတ်တော်မူသော သူ၏ သားသမီးထံသို့၊ ဘုရားသခင်ပေးသနားတော် မူ သော အမှတ်အသား တခု ဖြစ်ပါသည်။ လူများ နှင့် ဖြတ်တောက်မှုကို ပြု၍၊ ငြင်းပယ်ရမည့်အရာဖြစ်ပါသည်။ ကမ္ဘာ လောကရှိ လောကအရာများနှင့် အလုံးစုံသောအရာများကို အဆုံးသတ်၍၊ ခံယူမှုပြုမည့်အရာဖြစ်ပါသည်။ ဘုရားသခင် သည် သဘောတူလက်ခံစေခြင်း တံဆိပ် အမှတ်မအသား တခုကို၊ ပြုလုပ်ဖန်တီးတော်မူပါသည်။

ကျွန်တော်ဟာဟန်ရီဝါးတားဘယ်ရီနှင့် အတူ၊ ရထားလမ်းပေါ်မှာ အလုပ်လုပ် လေ့ရှိပါသည်။ ကျွန်တော်တို့ကုန်တင်ဖို့ ကားဆီလျှောက်လှမ်းသွားခဲ့ပါသည်။ ကျွန်တော်၏ ညီအစ်ကို၊ ‘ဒေါ့စ် ’ ဖြစ်ပါသည်။အနောက်ဘက်မှာ မတ်တပ် ရပ်နေပါ သည်။ ကုန်တင်ကားတွေကို အကူအညီပြုပါသည်။ ကားတစ်စီးဟာ ကုန်တင်ခံရစဉ်က၊ထိုကားရှိရာဆီ တောက်လျှောက် သူတို့ သွားကြရပါသည်၊ (ကြည့်ရှုစစ်ဆေးသူ ဖြစ်ပါသည်။) ဘယ်နေရာမှာပျက်နေလဲ၊ ဘယ်နေရာမှာ ချို့ယွင်းနေလဲဆို တဲ့၊ မည်သို့သော လျော့တိလျော့ရဲဖြစ်နေတာကိုမဆိုရှာဖွေမှုပြုပါမည်၊ သို့မဟုတ် ဘယ်နေရာမှာ ပျက်စီးနေလဲဆိုတာ မျိုး ဖြစ်ပါသည်။... ထိုကားက လုံးဝပြီး ပြည့်စုံသည့် ထုတ်ပိုးမှုကို မခံရသေးသည့်အချိန်တိုင်အောင်၊သူက ထိုကားကို အမှတ်တံဆိပ်ခတ်နှိပ်မှုပြုမည်မဟုတ်ပါ။ ထုတ်ပိုးမှု မပြီးသည့် အချိန်အထိဖြစ်ပါသည်။ အလွန် အစီအစဉ်ကျလှပါသည်။ အထဲမှာ ရှိတာ ကုန်ပစ္စည်းကို၊ ကားမောင်းရင်း တုန်ခါခြင်းကြောင့်၊မပျက်စီးစေဖို့ရာ ဖြစ်ပါသည်။

